And this phenomenon of Beijing using the shadows to project its power is not recent either. During the turbulent years of piracy in the Indian Ocean, amid the chaos in Sudan, while the world sought to protect the sea lanes and merchant shipping, the Chinese made all the right noises, participating in joint naval patrols and deploying vessels to patrol those waters. But Beijing also used the opportunity to invest in Djibouti, establishing a full-fledged naval base

near the Horn of Africa, from where the PLA Navy can project its power not only in the Indian Ocean, but also in the Mediterranean, the Black Sea and the Persian Gulf.

Myanmar may be the latest example, but those of Sri Lanka, Maldives, Pakistan, Djibouti and Afghanistan should serve as insights into Chinese strategy and behavior, which usually starts with a political/military/economic crisis, and culminates in that country becoming economically beholden and hopelessly indebted to China, losing its own agency and voice in the international arena.

*Yan Naing is the pseudonym of an observer on Myanmar affairs.*

https://www.irrawaddy.com/opinion/guest-column/the-dragon-fishes-in-myanmars-troubled-waters.html

---------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ် ဝင်ရောက်ဖျက်ဆီးနေသဖြင့် စစ်ကိုင်းတိုင်း ရွာ ၆ ရွာကဒေသခံများ ထွက်ပြေးနေရ

Published By DVB | 16 March, 2022

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်နဲ့ ဒီပဲယင်းမြို့နယ်နှစ်ခုကြား မူးမြစ်ကမ်းရိုးဘေးက ကျေးရွာတွေကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုး ဝင်ရောက်ဖျက်ဆီးနေတာကြောင့် ရွာ ၆ ရွာက ပြည်သူတွေ ဘေးလွတ်ရာ ထွက်ပြေးနေကြရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

စစ်ကောင်စီတပ်တွေဟာ မတ် ၁၄ ရက်နေ့ကတည်းက အဲဒီရွာတွေဘက်ကို PDF ရှိမယ်အထင်နဲ့ စစ်ကြောင်းထိုး အကြမ်းဖက်နေတာလို့ ဒေသခံတဦးက ပြောပါတယ်။

"တရွာဝင် တရွာထွက် လုပ်တယ်။ ရွာထဲက အိမ်တွေထဲဝင်ပြီး သူတို့လိုချင်တာ ယူတယ်။ မတ်လ ၁၄ ရက်နေ့က မူးရိုးကုန်း၊ ကျူတော၊ ကွဲတိုးခြုံ၊ ချောင်းမီးတိုရွာတွေကို စစ်ကောင်စီတပ်တွေ ဝင်ပြီး ဖျက်ဆီးတယ်။ မနေ့ မတ်လ ၁၅ ရက်နေ့ကလည်း ညောင်ကိုင်းရွာ၊ တည်သီးတောရွာ၊ ကူးတို့ဆိပ်ကွာ၊ ဆင်အင်းရွာ၊ မအူပင်ရွာ၊ မြင်းစီးရွာတွေကို မွှေနှောက်ရှာဖွေ ဖျက်ဆီးတာတွေ လုပ်ခဲ့တယ်။ နောက်ပြီး ချောင်းမီးတိုရွာနဲ့ ကွဲတိုးခြုံရွာကိုလည်း ဝင်မွှေပြီးတော့ သူတို့လိုချင်တဲ့ ပစ္စည်းဥစ္စာတွေ ခိုးယူတာတွေ လုပ်သွားသေးတယ်ဗျ။ သူတို့ပြောတော့ PDF ကို ရှာတာလို့လည်း ပြောသေးတယ်။ ဘာလို့ ပြည်သူတွေပိုင်တဲ့ ပစ္စည်းတွေကို ဖျက်ဆီးနေတာလဲ။"

မတ် ၁၆ ရက်နေ့ ဒီနေ့မှာတော့ စစ်ကောင်စီတပ် အင်အား ၁၀၀ လောက်ဟာ ရုံးတော၊ ကျောင်လျှာတော ရွာတွေဘက် ထွက်ခွာသွားတယ်လို့ ဆိုပါတယ်။

https://burmese.dvb.no/archives/522457

---------------------------------------------------------------------------------------------------

## ယင်းမာပင်မြို့နယ်က နေအိမ် ၂၀ ကျော်ကို စစ်ကောင်စီတပ် မီးရှို့ဖျက်ဆီး

Published By DVB | 16 March, 2022



စစ်ကိုင်းတိုင်း၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်အတွင်းက ပြည်သူတွေရဲ့နေအိမ်တွေကို စစ်ကောင်စီတပ်က မတ် ၁၆ ရက် မနက်ပိုင်းမှာ မီးရှို့ဖျက်ဆီးသွားတာကြောင့် အိမ်ခြေ ၂၀ ကျော် ဆုံးရှုံးသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

စစ်ကောင်စီတပ်ဖွဲ့ဟာ မတ် ၁၆ ရက် ဒီနေ့မနက် ၁၁ နာရီကျော်

လောက်မှာ စတင်မီးရှို့ခဲ့တာဖြစ်ပြီး စုစုပေါင်းအိမ်ခြေ ၂၀ ကျော်နဲ့ နွားစာအဖြစ်ထားရှိတဲ့ ပြောင်းရိုးစင် ၂ ခုပါ မီးလောင်ကျွမ်းသွားခဲ့ပြီး နေအိမ် ၂ လုံးကိုလည်း မွှေနှောက်ရိုက်ဖျက်သွားတယ်လို့ ဆိုပါတယ်။

ဘန့်ဘွေးမြောက်ရွာက နေအိမ် ၁၆ လုံး၊ ထန်းဇင်ကျေးရွာက ၅ လုံးတို့ မီးရှို့ဖျက်ဆီးခံရတာဖြစ်ပြီး လက်ပန်ကျေးရွာက နေအိမ် ၂ လုံးကိုတော့ မွှေနှောက်ရိုက်ဖျက်သွားခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒါ့အပြင် လက်ပန်ကျေးရွာအရှေ့ဘက်မှာ နွားကျွေးဖို့ထားရှိတဲ့ ပြောင်းရိုးစင် ၂ ခုကိုလည်း စစ်ကောင်စီတပ်တွေက မီးရှို့ဖျက်ဆီးလိုက်ကြတယ်လို့ ဆိုပါတယ်။

ဘန့်ဘွေးရွာမကျေးရွာအတွင်းမှာ တပ်စွဲနေထိုင်တဲ့ စစ်ကောင်စီတပ်ဖွဲ့က အင်အား ၂၀ လောက် လာရောက်ဖျက်ဆီးမီးရှို့သွားတာလို့ ဒေသခံဦးက ပြောပါတယ်။

ဒီနေ့မနက်ပိုင်းက ဘန့်ဘွေးရွာမကျေးရွာအတွင်းမှာရှိတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တဦးရဲ့ မင်္ဂလာဆောင်ပွဲလုပ်နေစဉ်အတွင်း PDF အဖွဲ့တွေက တိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီတပ်သား ၆ ဦးသေဆုံးသွားတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ယင်းမာပင်မြို့ကနေ မုံရွာ ယင်းမာပင်လမ်းအတိုင်း ထွက်ခွာလာတဲ့ စစ်ကောင်စီတပ်ကို ဖိုလ်ဝင်တောင်လမ်းခွဲအနီးမှာ PDF အဖွဲ့တွေက မိုင်းဆွဲတိုက်ခိုက်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

https://burmese.dvb.no/archives/522443

------------------------------------------------------------------------------------------------------------

## ခင်ဦးမြို့နယ် တမုတ်ရွာမှာ အိမ် ၉၀ ကျော် မီးရှို့ခံရ

2022.03.16



မီးလောင်ထားသည့် ခင်ဦးမြို့နယ် တမုတ်ရွာကို ၂၀၂၂ ခုနှစ် မတ်လ ၁၆ ရက်နေ့က တွေ့ရစဉ်။ Photo: Citizen Journalist

**စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ တမုတ်ရွာကို စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးတွေ မတ်လ ၁၅ ရက်မနေ့က ရွာထဲ ရောက်လာပြီးတဲ့နောက် နေအိမ် ၉၃ လုံး မီးလောင်ဆုံးရှုံးခဲ့တယ်လို့ ဒေသခံတွေက ပြောပါ တယ်။**

ရွာထဲက စစ်ကောင်စီသတင်းပေးသူတွေရဲ့ နေအိမ် ၄လုံးသာ မီးမလောင်ဘဲ ကျန်ခဲ့တယ်လို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ဒေသခံတစ်ယောက်က RFA ကို ပြောပါတယ်။

**"မီးမရှို့ခင်မှာ ရွာထဲက ဆီပုံးတွေ၊ ဆိုင်ကယ်တွေ၊ စက်ပစ္စည်းတွေကို ၁၂ ဘီး ကားကြီးနဲ့ သယ်သွားကြတယ်။ အဲဒါပြီးတော့ မီးရှို့ခံရတာပဲ၊ တစ်ရွာလုံးကတော့ သူတို့လာပြီဆိုကတည်းက ထွက်ပြေးကြတယ်။ မီးရှို့ပြီး ညပိုင်းမှာ ခင်ဦးကို ပြန်သွားကြတယ်"**

ခင်ဦးမြို့နယ် ဗျူဟာလမ်းပေါ်ကနေ အဲဒီရွာဘက်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက လက်နက်ကြီးတွေနဲ့ စတင်ပစ်ခတ်ချိန်ကတည်းက တစ်ရွာလုံး ထွက်ပြေးကြရတယ်လို့ ဆိုပါတယ်။ ဆိုင်ကယ်တွေ၊ ရေတင်စက်တွေနဲ့ နွားတွေလည်း မီးလောင်တဲ့အထဲ ပါသွားခဲ့တယ်လို့လည်း ဆိုပါတယ်။

တမုတ်ရွာမှာ အိမ်ခြေစုစုပေါင်း တစ်ရာဝန်းကျင်လောက်ရှိပြီး လတ်တလောမှာတော့ ရွာသား ၃၀၀ ဝန်းကျင်လောက်ဟာ နီးစပ်ရာရွာတွေကို တိမ်းရှောင်နေကြရပြီး အများစုက ရွာထဲပြန်မဝင်ရဲကြသေးဘူးလို့လည်း ဒေသခံတွေက ပြောပါတယ်။

တမုတ်ရွာ မီးရှို့ခံရတဲ့ဖြစ်စဉ်နဲ့ ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းဆီက တုံ့ပြန်ချက်ရဖို့ ကြိုးစားနေပါတယ်။

စစ်ကိုင်းတိုင်းထဲမှာ စစ်တပ်ထောက်ခံတဲ့သူတွေနဲ့ ပြည်သူ့စစ်တွေ တန်ပြန်ဖွဲ့စည်းထားတယ်ဆိုတာကို စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ် ဇော်မင်းထွန်းက ဝန်ခံပြောဆိုထားပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၈ ရက်ကလည်း သိမ်တော်ရွာနားမှာ စစ်ကောင်စီတပ်ဖွဲ့ရဲ့ လမ်းကြောင်းကို ဒေသခံ PDF တွေက မိုင်းခွဲတိုက်ခိုက်ရာကနေ နစ်ဖက်အပြန်အလှန် တိုက်ပွဲဖြစ်ခဲ့လို့ PDF ဘက်က ၁၁ ယောက်၊ စစ်ကောင်စီဘက်က တစ်ယောက် သေဆုံးသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလ ၁ ရက်ကနေ အခုနှစ် မတ် ၇ ရက်အထိ တစ်ပြည်လုံးမှာ စစ်ကောင်စီတပ်တွေ မီးရှို့ခဲ့တာကြောင့် နေအိမ် ၆၇၁၉ လုံး ဆုံးရှုံးခဲ့တယ်လို့ Data For Myanmar အဖွဲ့က မတ်လ ၁၀ ရက်က ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/myanmar-soldiers-burn-down-houses-in-khin-oo-03162022062320.html

---------------------------------------------------------------------------------------------------------------

## ပဲခူးတိုင်းအတွင်း ကျေးရွာအချို့ကို စစ်ကောင်စီတပ် မီးရှို့၊ ဒေသခံများ တိမ်းရှောင်နေရ

Published By DVB | 16 March, 2022



ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်ထဲက ကျေးရွာတရွာကို PDF တွေနဲ့ ပတ်သက်တယ်ဆိုပြီး စစ်ကောင်စီတပ်က ရွာကို မီးရှို့၊ တရွာလုံးကို မောင်းထုတ်တာကြောင့် ဒေသခံတွေ တောတွေထဲမှာ တိမ်းရှောင်နေရပါတယ်။

ပြီးခဲ့တဲ့ မတ် ၈ ရက်နေ့က ပေါင်းတည်မြို့နယ်၊ သိမ်းကုန်းအုပ်စု၊ လဲပင်ကျေးရွာနားမှာ ဒေသခံ PDF တပ်ဖွဲ့နဲ့ စစ်ကောင်စီတပ်တွေ တိုက်ပွဲတခု ဖြစ်ပွားခဲ့ပါတယ်။ အဲဒီတိုက်ပွဲမှာ စစ်ကောင်စီဘက်က အထိအခိုက် အကျအဆုံး များသွားတာကြောင့် အဲဒီကိစ္စကို အခဲမကျေဖြစ်ပြီး တိုက်ပွဲဖြစ်ပွားရာ အနီးအနားက ကျေးရွာတွေကို ဝင်ရောက်စစ်ဆေး အနိုင်ကျင့် မီးရှို့တာတွေနဲ့ ဒေသခံတွေကို ရွာကနေ မောင်းထုတ်တာတွေ ပြုလုပ်ခဲ့ပါတယ်။

မတ် ၁၅ ရက်နေ့မှာတော့ သိမ်းကုန်းကျေးရွာကို မနက်အစောကြီး ဝင်ရောက် မီးရှို့ခဲ့တာကြောင့် အိမ် ၁၆ လုံးကျော် မီးလောင်ပြာကျခဲ့တယ်လို့ သိမ်ကုန်းရွာ ဒေသခံတဦးက ပြောပါတယ်။



လဲပင်ရွာဒေသခံတယောက်က "ဒေသခံတွေကို မောင်းထုတ်ပြီး ရွာမှာမွေးထားတဲ့ တိရစ္ဆာန်တွေကိုလည်း ယူသွားပါတယ်။ နောက် ဈေးဆိုင်တွေက ဆန်၊ ဆီနဲ့ ကုန်ခြောက်ပစ္စည်းတွေကို သူတို့ရိက္ခာအဖြစ် စစ်ကောင်စီတပ်က သယ်ယူသွားတယ်" လို့ ပြောပါတယ်။

ရွာမီးမလောင်ခင်ကတည်းက ဒေသခံတွေကို ရွာကနေ နှင်ထုတ်လိုက်တာကြောင့် ရွာ ဘုန်းကြီးကျောင်းမှာ မှီခိုနေသူ ၄၅၀ ကျော်ရှိပြီး ပတ်ဝန်းကျင်က အလှူရှင်တွေနဲ့ တနေ့ကို ဆန် ၄ တင်းလောက် ချက်ပြုတ်ကျွေးမွေးနေရကာ ရေရှည်ကျရင် စားဝတ်နေရေးနဲ့ ဆေးဝါးတွေ လိုအပ်နေတယ်လို့ သိရပါတယ်။

ဒေသခံတချို့လည်း တောတွေထဲနဲ့ ပဲခူးရိုးမပေါ်မှာ ဖြစ်သလို နေထိုင်နေရပြီး သူတို့လည်း စားဝတ်နေရေး ခက်ခဲနေတယ်လို့ သိရပါတယ်။

လဲပင်ကျေးရွာမှာ အိမ်ခြေ ၁၆ဂ လောက်ရှိပြီး ပေါင်းတည်မြို့ကနေ ၁၅ မိုင်လောက်ဝေးကာ ကားလမ်းမပေါက်ဘဲ ဝဲကြီးဆည်ထဲကနေတဆင့် လာရတဲ့အတွက် သွားရေးလာရေးလည်း အလွန်ခက်ခဲတဲ့နေရာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/522430

---------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်က နှစ်ပတ်အတွင်း ပြည်သူ့နေအိမ် အလုံး ၁,ဂဂဂ ကျော်ကို မီးရှို့ဖျက်ဆီး

Published By DVB | 16 March, 2022



**စစ်တပ်အာဏာသိမ်းကာလ ၁ နှစ်ကျော်အတွင်းမှာ စစ်ကောင်စီတပ်နဲ့ လက်ပါးစေ အဖွဲ့အစည်းတွေက မီးရှို့လို့ ပျက်စီးသွားတဲ့ လူနေအိမ်ပေါင်း ခန့်မှန်းခြေ ၇,၂၁၈ လုံးလောက်ထိ တိုးလာခဲ့တယ်လို့ Data for Myanmar အဖွဲ့က ထုတ်ပြန်ပါတယ်။**

အဲဒီဖြစ်စဉ်တွေဟာ မြန်မာနိုင်ငံအနှံ့ နေရာပေါင်း ၂ဂ၁ လောက်မှာ ဖြစ်ပွားခဲ့ပြီး မြေပုံ၊ ဂရပ်တွေနဲ့တကွ ယှဉ်တွဲဖော်ပြထားကာ သတင်းမီဒီယာတွေမှာ ဖော်ပြခဲ့တဲ့ တိုက်ပွဲသတင်းတွေနဲ့ နေအိမ်မီးရှို့ခံရတဲ့ သတင်းတွေကို ရက်အလိုက်၊ ဖြစ်စဉ်အလိုက် ပြန်စီပြီးတော့ ရေတွက်ထားတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၅ ရက်အထိ စစ်ကောင်စီတပ်တွေ မီးရှို့ဖျက်ဆီးခံရတဲ့အတွက် လူနေအိမ်ခြေ ပျက်စီးဆုံးရှုံးမှု အစဉ်လိုက်စာရင်းမှာတော့ စစ်ကိုင်းတိုင်းဒေသကြီးက ၄,၄၂၆ လုံးနဲ့ အများဆုံးဖြစ်ပြီး သူ့နောက်မှာ မကွေးတိုင်းက ၁,၁၄၈ လုံး၊ ချင်းပြည်နယ်က ၁,၁၂၁ လုံး၊ ကယားပြည်နယ်က ၃၅၇ လုံးစီနဲ့ ပျက်စီးဆုံးရှုံးမှု အများဆုံး ဖြစ်နေပါတယ်။

လအလိုက်မှာတော့ စစ်ကောင်စီတပ်တွေဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း လူနေအိမ်ပေါင်း ၂,၈ဂ၂ လုံးကို ဖျက်ဆီးခဲ့ကြပြီး ဇန်နဝါရီလမှာတော့ ၁,ဂ၅၉ လုံး၊ အဲဒီအရင် ၂ဂ၂၁ ခုနှစ်၊ ဒီဇင်ဘာလမှာတော့ ၉၆၁ လုံးကို မီးရှို့ဖျက်ဆီးမှု အများဆုံး ကျူးလွန်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒါ့အပြင် အခုမတ်လထဲမှာတော့ စစ်ကောင်စီတပ်တွေ မီးရှို့ဖျက်ဆီးခဲ့တဲ့ ပြည်သူ့အိုးအိမ် ၁,၁၂၁ လုံးအထိ ရှိလာနေတယ်လို့ ဆိုပါတယ်။

Data for Myanmar အဖွဲ့အနေနဲ့ သတင်းဌာနတခုချင်းစီက မတူညီတဲ့ အရေအတွက်တွေကို cross-check လုပ်ပြီး စိစစ်ထားသလို ဒေသခံ လူအခွင့်အရေးအဖွဲ့တွေနဲ့ စစ်ဘေးရှောင်တွေကို ကူညီပေးနေတဲ့ အဖွဲ့တွေက ထုတ်ပြန်တဲ့ စာရင်းတွေကို အခြေခံထားပြီး မပြည့်စုံတဲ့ အချက်အလက်တွေ ချန်ထားခဲ့ရတာမို့ မြေပြင်အရေအတွက်က ပိုများနိုင်တယ်လို့ ဆိုပါတယ်။

လက်ရှိအချိန်ထိ မြန်မာနိုင်ငံအနှံ့ မြို့ရွာတွေမှာ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူလူထု တရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ် (Peoples Defensive War) ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင် ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ရဲ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှာ အာဏာသိမ်းကာလ ၁ နှစ်ကျော်အကြာ စစ်ကောင်စီတပ်တွေရဲ့ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁,၆၇၆ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၂,၇ဂဂ နီးပါးထိ ရှိလာခဲ့ပြီလို့ ဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/522499

--------------------------------------------------------------------------------------------------------------

## ပုလောကုန်းဒေသတွင် စစ်ကောင်စီ၊ ပျူစောထီး နှင့် ဒေသခံ PDF ပူးပေါင်းတပ်ဖွဲ့အကြား တိုက်ပွဲ ပြင်းထန်နေ

မတ်လ ၁၆ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ



Photo: CJ

တနင်္သာရီတိုင်း၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပုလောကုန်းဒေသတွင် ယနေ့ နံနက် ၆ နာရီကစ၍ ဒေသတွင်း ပျူစောထီး၊ စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့နှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)ပူးပေါင်းတပ်ဖွဲ့များအကြား တိုက်ပွဲပြင်းထန်နေကြောင်းဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

၎င်းက "တိုက်ပွဲက မနေ့ကတည်းက ဖြစ်ဖို့ရှိတယ်။ ဒါပေမဲ့ မဖြစ်ဘဲနဲ့ ဒီမနက်က စဖြစ်တာ။ စဖြစ်တာက ပျူစောထီး ဘက်က စပစ်တာ။ ဒီမနက် ၆ နာရီလောက် စပစ်ကြတာ။ အခုထိပဲ။ အခြေအနေကတော့ တော်တော်ဆိုးတယ်။ သူတို့က လက်နက်ကြီးပါ သုံးနေကြတာလေ။ သတိထား မိသလောက် လက်နက်ကြီး ဆယ်ချက်အချက် နှစ်ဆယ်လောက် ရှိပြီ။ ဘေးပတ်ဝန်းကျင်က ရွာသားတွေတော့ အကုန်ပြေးကုန်ပြီ" ဟု ကေအိုင်စီသို့ ပြောသည်။

အဆိုပါ တိုက်ပွဲဖြစ်ပွားရာနေရာသည် ပုလောကုန်းကျေးရွာအနီးတွင် ဖြစ်ပွားနေခြင်းဖြစ်ပြီး လက်ရှိ ပုလောကုန်း နတ်အိမ်ထောင်၊ ကမိုင်းအစရှိသည့် ကျေးရွာမှ ဒေသခံအားလုံးနီးပါးဘေးလွတ်ရာ ထွက်ပြေးသွားပြီးဖြစ်သလို စစ်ကောင်စီဘက်ကလည်း တပ်အင်အား ပိုတိုးလာကြောင်း အဆိုပါ ဒေသခံ အမျိုးသမီးက ဆက်ပြောသည်။

၃ နာရီကျော်ကြာဖြစ်ပွားနေသည့် အဆိုပါ လက်ရှိ တိုက်ပွဲတွင် စစ်ကောင်စီဘက်၌ ၁၀ ခန့် ကျဆုံးသွားပြီးဖြစ်ကြောင်း ဒေသခံ PDF များ၏ ပြောဆိုချက်ကို ကိုးကား၍ တိုက်ပွဲအနီးရှိနေသည့် ဒေသခံ အမျိုးသမီးက ဆက်ပြောသည်။ လက်ရှိတွင် စစ်တပ်၏ စစ်ကူအများအပြာ ပို့ဆောင်လာသော်လည်း PDF နယ်မြေအတွင်းသို့ ဝင်ရောက် နိုင်ခြင်းမရှိသေးကြောင်းလည်း သိရသည်။

ယနေ့ တိုက်ပွဲဖြစ်ရသည့် အကြောင်းအရင်းမှာ ပုလောကုန်း ဒေသ ပျူစောထီး၏ အစ်ကို ဖြစ်သူ ပုလောကုန်း ကျေးရွာအုပ်ချုပ်ရေးမှူးမှ ပုလောကုန်း ကျေးရွာသားအချင်းချင်း သတ်ဖြတ်ကြခြင်းအပေါ် PDF အဖွဲ့လက်ချက် ကြောင့်ဟုဆိုကာ ဒေသခံ PDF များကို အရင်စပစ်ခြင်းဖြစ်ကြောင်းပြောဆိုသည်။

လက်ရှိ တိုက်ပွဲတွင် ဒေသခံ ပုလော PDF များအပြင် KPDF နှင့် နယ်မြေခံ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-KNLA တပ်ဖွဲ့ဝင်များလည်း ပါဝင်နေကြောင်းသိရသည်။

https://kicnews.org/2022/03/ပုလောကုန်းဒေသတွင်-စစ်ကေ/

---------------------------------------------------------------------------------------------------------

## ဖာပွန်ဒေသတွင် ယခုလဝက်အတွင်း တိုက်ပွဲပေါင်း တစ်ရာကျော်ဖြစ်ပွား၊ စစ်ကောင်စီတပ်ဖွဲ့ဝင် ၉၀ ကျော်ထိခိုက်သေဆုံး

မတ်လ ၁၆ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ



Photo: KNLA

ကရင်အမျိုးသားအစည်းအရုံး-KNU မူတြော်(ဖာပွန်) ခရိုင် တပ်မဟာ (၅) နယ်မြေအတွင်း ယခုမတ်လ လယ်အထိ စစ်ကောင်စီ၊ နယ်ခြားစောင့်တပ်(BGF)နှင့် KNU လက်အောက်ခံ တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲပေါင်း

တစ်ရာကျော် ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဘက်မှ ၉၀ ကျော် ထိခိုက်သေဆုံးကြောင်း KNU တပ်မဟာ(၅) ဘက်က ယနေ့ သတင်းထုတ်ပြန်ထားသည်။

ယခုမတ်လဆန်းတစ်ရက်နေ့မှ ယနေ့ ၁၆ ရက်နေ့အထိ စစ်ကောင်စီတပ်အပါအဝင် ၎င်း၏ လက်အောက်ခံ BGF တပ်ဖွဲ့နှင့် KNU တပ်မဟာ(၅) လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တပ်ဖွဲ့ဝင် များအကြား တိုက်ပွဲပေါင်း (၁၆၇) ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီနှင့် BGF ဘက်မှ ၅၄ဦးသေဆုံးကာ ၄၀ဦး ထိခိုက် ဒဏ်ရာ ရခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

အလားတူ အဆိုပါ တိုက်ပွဲများအတွင်း စစ်ကောင်စီဘက်မှ ထိခိုက်ကျဆုံးမှုများသလို KNLA ဘက်တွင်လည်း ၇ ဦး ကျဆုံးကာ ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် နှစ်ပတ်ကျော်ကြာ တိုက်ပွဲများအတွင်း စစ်ကောင်စီဘက်မှ လေယာဉ်အသုံးပြု၍ ဗုံးကြဲတိုက်ခိုက်မှု များပြုလုပ်ခဲ့သေးပြီး ဗုံးသီးပေါင်း ၁၇ လုံး ဝင်ရောက် ပစ်ချခဲ့သလို လက်နက်ကြီးပေါင်း ၁၈၉ လုံးလည်း ပစ်ခတ်ခဲ့ပြီး ၎င်းလေယာဉ်နှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အရပ်သား ၁၅ ဦး သေဆုံးခဲ့ရကာ ၄ ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ စစ်ကောင်စီ၏ စစ်သုံးယာဉ် ၁၂ စီးအား ဖျက်ဆီးနိုင်ခဲ့ကြောင်း နှင့် စစ်သုံးမြင်းလား ၂ ကောင်လည်း သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်းလည်း ထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

https://kicnews.org/2022/03/ဖာပွန်ဒေသတွင်-ယခုလဝက်အတ/

---------------------------------------------------------------------------------------------------------

## ကျေးရွာထဲ လက်နက်ကြီးများကျရောက်သဖြင့် တောင်ကြာအင်းဒေသခံအချို့ တိမ်းရှောင်နေရ

မတ်လ ၁၆ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ



ပုံစာ-စစ်ကောင်စီတပ်က ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်တစ်လုံး - Photo-CJ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် ကျုံဒိုးမြို့နယ်(ကော့ကရိတ်မြို့နယ်)ရှိ တောင်ကြာအင်းကျေးရွာထဲတွင် စစ်ကောင်စီတပ်က လက်နက်ကြီးများရမ်းသမ်းပစ်ခတ်မှုများလုပ်ဆောင်သည့်အတွက် ဒေသခံလူထုအချို့မှာ ကျေးရွာထဲတွင် မနေရဲတော့ဘဲ ဘေးလွတ်ရာသို့ တိမ်းရှောင်နေရသည်ဟု သိရသည်။

ပြီးခဲ့သည့် မတ်လ ၁၁ ရက်နေ့တွင် အဆိုပါ တောင်ကြာအင်းကျေးရွာ၌ စစ်ကောင်စီနှင့် နယ်မြေခံ ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့-KNDO ပူးပေါင်းတပ်ဖွဲ့တို့အကြား ပစ်ခတ်မှုဖြစ်ပြီးနောက် စစ်ကောင်စီ တပ်ဘက်မှ ကျေးရွာထဲသို့ လက်နက်ကြီး အမြောက်အများ ရမ်းသမ်းပစ်ခတ်မှုလုပ်ဆောင်ခဲ့သည်ဟု ဒေသခံများက ပြောသည်။

တောင်ကြာအင်းကျေးရွာရှိဒေသခံတစ်ဦးက " သားသမီးတွေကိုတော့ တစ်ခြားရွာမှာပို့လိုက်တယ်။ အခြေအနေက ဘယ်လိုဖြစ်လာမလဲ မသိဘူး။ တိုက်ပွဲပြင်းထန်လာမှာကိုလည်း စိုးရိမ်ရတယ်။ ရွာမှာ လက်နက်ကြီးတွေနဲ့က ခဏခဏပစ်တာ ။ အခုလည်း လေယာဉ်ခေတ်စားတော့ လေယာဉ်နဲ့ လာပစ်မှာလည်း ကြောက်ရတယ်။ ရွာထဲကို လက်နက်ကြီးနဲ့ ခဏခဏပစ်ရင် ရွာမှာ ဘယ်လိုမှ အေးအေးဆေးဆေး မနေရဲဘူး၊ ရှောင်နေရတာပေါ့။" ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် ယမန်နေ့ မတ်လ ၁၅ရက်နေ့ညတွင်လည်း မြောက်ကြာအင်းကျေးရွာ ဓာတ်လောင်းတောင်ပေါ်တွင် တပ်စွဲနေသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် တောင်ကြာအင်းကျေးရွာထဲသို့ လက်နက်ကြီး

(၅)လုံးထက်မနည်း ထပ်မံပစ်ခတ်နေသည့်အတွက် တောင်ကြာအင်းဒေသခံအချို့မှာ ညတွင်းချင်း ထပ်မံတိမ်းရှောင်နေရသည် ဟုလည်း သိရသည်။

စစ်ကောင်စီတပ်များ၏ ထိုသို့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများကြောင့် တောင်ကြာအင်းကျေးရွာအပါအဝင် မြောက်ကြာအင်းကျေးရွာ၊ လောင်းကိုင်၊ နောင်တလာနှင့် ဖားကျ စသည့် ကျေးရွာများရှိ သေခံလူထု တချို့လည်း အခြားကျေးရွာများသို့ သွားရောက်တိမ်းရှောင်နေရသည်ဟုလည်း ဒေသခံများက ပြောသည်။

"မနေ့ညက ရွာထဲကို လက်နက်ကြီးတွေနဲ့ ပစ်တဲ့အဖွဲ့က တောင်ကြာ အင်းရွာမှာရှိတဲ့နေတဲ့အဖွဲ့မဟုတ်ဘူး။ သူတို့လူက ဟိုဘက်ကမ်းမှာ လည်းရှိတယ်။ အဲဒီဓာတ်လောင်း တောင်ပေါ်မှာရှိတဲ့ တစ်ဖွဲ့က ပစ်တာ။ အခု ဒေသခံအချို့က တစ်ခြားရွာက သူတို့ဆွေးမျိုးတွေဆီမှာ ခဏသွားရှောင်တာတို့ရှိတယ်"ဟု ကေအဲန်ယူ ကျုံဒိုးမြို့နယ် ဥက္ကဌ မန်းကြာညိုက ကေအိုင်စီသို့ပြောသည်။

တောင်ကြာအင်းကျေးရွာတွင် ယခင်က စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀ ဦးကျော်ရှိရာမှ လက်ရှိတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၅၀ ဦးဝန်းကျင်ခန့် အင်အားတိုးချဲ့ထားသည်ဟု ဒေသခံရွာသားများ၏ ပြောပြချက်အရ သိရသည်။

https://kicnews.org/2022/03/ကျေးရွာထဲ-လက်နက်ကြီးမှာ/

-----------------------------------------------------------------------------------------------------------

## တိုက်ပွဲ ပြင်းထန်လာတဲ့ မြဝတီခရိုင် ဒုက္ခသည် ၇ သောင်းထိတိုး

16 မတ်၊ 2022 | အေးအေးမာ

ကရင် ပြည်နယ် မြဝတီမြို့နယ် ကော့ကရိတ် မြို့နယ်၊ ကြာအင်းဆိပ်ကြီး မြို့နယ်တွေမှာ စစ်ကောင်စီ တပ်တွေနဲ့ ကရင် အမျိုးသား လွတ်မြောက်ရေးတပ် KNLA၊ ကရင် အမျိုးသား ကာကွယ်ရေးတပ် KNDO ၊ ပြည်သူ့ ကာကွယ်ရေးတပ် PDF ပူးပေါင်းတပ်ဖွဲ့တွေနဲ့ နှစ်ဘက် တိုက်ပွဲတွေဟာ နေ့စဥ် နီးပါး ပြန်ဖြစ်နေတဲ့ အတွက် သောင်ရင်းမြစ် တလျှောက်က စစ်ဘေးရှောင်တွေ ခိုလှုံရာ နေရာတွေမှာ ဒုက္ခသည်တွေ ပြန်ပြီး တိုးလာနေပါတယ်။ ဗွီအိုအေ သတင်းထောက် မအေးအေးမာက သတင်းပေးပို့ထားပါတယ်။

ကရင် ပြည်နယ် မြဝတီခရိုင် လေးကေ့ကော်နဲ့ အနီးတဝိုက် ဒေသတွေ အပါအဝင် ကော့ကရိတ် မြို့နယ်၊ ကြာအင်းဆိပ်ကြီး မြို့နယ်တွေမှာ စစ်ကောင်စီ တပ်တွေနဲ့ ကရင် အမျိုးသား လွတ်မြောက်ရေးတပ် KNLA နဲ့ ပူးပေါင်းတပ်ဖွဲ့တွေဟာ ဒီရက်ပိုင်းမှာဘဲ နေ့စဥ်နီးပါး တိုက်ပွဲတွေ ဆက်ဖြစ်နေပါတယ်။
တနင်္လာနေ့ ညကတော့ ကော့ကရိတ် မြို့နယ်ထဲမှာပဲ ညတိုက်ပွဲတွေ ဖြစ်နေပါတယ်။ ဒါဟာ စစ်ကောင်စီတပ်တွေ ၃ ရက်အတွင်း ဆုတ်ခွါပေးဖို့ KNU တပ်မဟာ(၆)က သတိပေးလိုက်ပြီး နောက်ပိုင်းမှာ စစ်ကောင်စီဘက်က တပ်အင်အားတွေ တိုးချဲ့ပြီး တက်လာတဲ့အတွက် ဒီရက်ပိုင်းမှာပဲ နှစ်ဖက်ထိတွေ့ ပစ်ခတ်မှုတွေ ဆက်ဖြစ်နေပါတယ်။
တနင်္လာနေ့မှာတော့ ကော့ကရိတ်နဲ့ ကြာအင်းဆိပ်ကြီး မြို့နယ်ထဲမှာ တိုက်ပွဲတွေ ဖြစ်နေတယ်လို့ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ ကိုစောမွန်က ပြောပြပါတယ်။
" သူတို့ဘက်ကလည်း ထိုးစစ်အ ကြီးအကျယ် ဆင်လာတာပေါ့နော်။ အဲဒါကို ပြောပြီးကာမှ သူတို့က မဆုတ်တဲ့ အပြင် ထိုးစစ်ကို အင်အား ထပ်ဖြည့်လာတာပေါ့နော်။ အဲဒီအတွက် ထိတွေ့တိုက်ပွဲတွေက ဆက်ဖြစ်နေတယ်။ ကောနွဲ့ကမိုင် ကုန်းဘက်မှာလည်း ဖြစ်တယ်။ ရေတံခွန် ဘက်မှာလည်း ဖြစ်တယ်။ မနေ့ကတော့ ခလရ ၃၂ ကို KNU (တပ်ရင်း ၁၇) က သွားပစ်တယ်။ အဲဒီမှာ အကြီးအကျယ် ဖြစ်တယ်။ ကြာအင်းဆိပ်ကြီးမြို့ အဝင်ပေါ့။ ပူးပေါင်းတပ်တွေ ပါတယ်။ ကျနော်တို့ PDF တွေ ပါတယ်။ တပ်ရင်း ၁၇ မှာလည်း ကျနော်တို့ ပူးပေါင်းတပ်ဖွဲ့တွေ ရှိပါတယ်။ "

ဒီရက်ပိုင်းအတွင်းမှာပဲ မြဝတီ ကော့ကရိတ် အာရှလမ်းမမှာပဲ ကုန်တင်ယာဉ်တွေ ပစ်ခတ်ခံရပါတယ်။ အဲဒီနေရာက တံတားတစင်းလည်း ပျက်စီးသွားတဲ့ အတွက် ခရီးသည်တင်ကားတွေ၊ ကုန်ကားတွေ သွားလာမှုတွေ ပိတ်ထားရပါတယ်။
အခုလို တိုက်ပွဲတွေ ပြင်းထန်လာတဲ့အတွက် ဒေသခံတွေဟာ ကျေးရွာတွေကနေ ထပ်မံထွက်ပြေးလာကြပြီး

သောင်ရင်းမြစ်တလျှောက်မှာ စစ်ဘေးရှောင် ဒုက္ခသည် ၅၀၀ လောက် ထပ်ပြီးတိုးလာတယ်လို့ ဒုက္ခသည်တွေကို စားသောက်ရေး အကူအညီပေးနေသူ တဦးက ပြောပါတယ်။

“ လေးကေ့ကော်ဘက်က ကောထီးမယ်ဝါးခီး ရေတံခွန်ဘက်ကကော ဒုက္ခသည်တွေ ပိုတိုးလာတယ်။ အဓိက ကတော့ တိုက်ပွဲတွေက ဖြစ်နေတယ်။ အထူးသဖြင့်တော့ လေးကေ့ကော်မှာလည်း စစ်ကောင်စီဘက်က ခြေကုတ်စခန်းတွေ ယူထားတယ်။ တချို့တွေက ရွာပြန်ကြည့်တော့ အိမ်မှာ ကားတွေ၊ ဆိုင်ကယ်တွေ မရှိတော့ဘူး။ အိမ်မှာ ကောင်းတဲ့ ပစ္စည်းတွေ မရှိတော့ဘူး။ ရွာထဲလည်း ပြန်မရတော့ဘူး။ ဒီတော့ စစ်ရှောင်တဲ့ နေရာကိုလည်း ထပ်ပြီး ပြန်လာကြတယ်။

အရင်တုန်းက တိုက်ပွဲတွေ ငြိမ်သွားတော့ ပြန်လာလို့ ရပြီဆိုပြီးပြန်ကြတယ်။ နောက်တော့ တိုက်ပွဲတွေ ပြန်ဖြစ်တော့ နေလို့ မရတော့ ထပ်ပြီး လူတွေတိုးလာတယ်။ ဖလူးလေး ဘက်ကပေါ့နော်။ လေးကေ့ကော် ဘက်ဆိုလည်း အိမ်တွေကို သွားပြန်ကြည့်တော့ သူတို့ ပိုင်ဆိုင်မှုတွေက ဘာမှ မရှိတော့ဘူး။ စပါးတွေ ဘာတွေလည်း သယ်သွားကြတယ် ပြောတယ်။ ကျနော်တို့ သွားကူညီနေရတဲ့ နေရာတွေဆို လေးခု ငါးခုလောက်ရှိတယ်။ ဒီရက်ပိုင်းမှာပဲ လူဦးရေ ၅၀၀ လောက် ထပ်တိုးလာတယ်။ ”

အခုဆိုရင် မြဝတီခရိုင်ထဲက စစ်ဘေးရှောင်ဒုက္ခသည် ၆,၀၀၀ ကျော်ကတော့ ၂၀၂၁ ခုနှစ်ဒီဇင်ဘာလ ၁၅ရက်နေ့က စပြီး တိုက်ပွဲတွေ ဖြစ်တာ ၃ လ ကြာပြီ ဖြစ်ပေမယ့် နေရပ်ရင်း ကျေးရွာတွေကို မပြန်နိုင်ကြသေးဘဲ သောင်ရင်းမြစ် တလျှောက်မှာဘဲ နေရာရွှေ့ပြောင်း နေထိုင်နေရဆဲ ဖြစ်ပါတယ်။

မြဝတီခရိုင် လေးကေ့ကော် ဒေသမှာ တိုက်ပွဲဖြစ်ပွားခဲ့ပြီးတဲ့နောက် ကေအန်ယူ ထိန်းချုပ်ရာ တပ်မဟာ အသီးသီးမှာ ပြည်တွင်းစစ်ေဘေးရှောင် ဒုက္ခသည်အသစ် ၇၀,၀၀၀ လောက် တိုးလာတယ်လို့ ကရင်အမျိုးသား အစည်းအရုံး KNU က သတင်းထုတ်ပြန်ထားပါတယ်။

https://burmese.voanews.com/a/fresh-clashes-between-myanmar-military-and-armed-groups-near-thai-border-forcing-residents-to-flee/6486739.html

----------------------------------------------------------------------------------------------------------

## ဖယ်ခုံမြို့နယ်၌ တိုက်ပွဲ ပြင်းထန်နေပြီး PDF ၂ ဦး ကျဆုံး ၅ ဦး ဒဏ်ရာရ

By မဇ္ဈိမ | 16 March 2022



*Photo : CJ*

ရှမ်းနှင့် ကရင်နီ ပြည်နယ် အစပ်ရှိ ဖယ်ခုံမြို့နယ် ဆောင်ကန်း ကျေးရွာသို့ စစ်ကြောင်း ထိုးလာသော အင်အား ၂၀၀ ခန့်ရှိ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ် (PDF) ပူးပေါင်းအဖွဲ့များ တိုက်ပွဲ ပြင်းထန်နေပြီး ဖယ်ခုံ PDF ရဲဘော်နှစ်ဦး ကျဆုံးကာ ငါးဦး ဒဏ်ရာ ရထားသည်။

ယနေ့ မတ်လ ၁၆ ရက် နံနက် ၈ နာရီမှ စကာ တိုက်ပွဲ ပြင်းထန်နေခြင်း ဖြစ်ပြီး လက်ရှိချိန်ထိ တိုက်ပွဲ ဆက်ဖြစ်နေကြောင်း ဖယ်ခုံ PDF တာဝန်ရှိသူက ပြောသည်။

“ လောလောဆယ် သိရသလောက်တော့ ကျွန်တော်တို့ ရဲဘော်နှစ်ဦး ကျသွားပြီ။ ငါးဦးလောက် ဒဏ်ရာရထားတယ်။ တိုက်ပွဲက ခုထိလည်း ဖြစ်နေတုန်းပဲ ” ဟု ၎င်းက ရှေ့တန်းမှ သတင်းပေးပို့ချက်ကို ပြောပြသည်။

တိုက်ပွဲဖြစ်ရာ ဆောင်ကန်းကျေးရွာသည် ရှမ်းနှင့် ကရင်နီပြည်နယ် အစပ် ဆိုင်းဘုတ်ရှိရာ နေရာ ဖယ်ခုံမြို့မှ တောင်ကြီးဘက်သို့ တက်သည့် လမ်းမပေါ်တွင် ရှိသည့် ကျေးရွာ ဖြစ်သည်။ ထိုကျေးရွာအနီး ဝန်းကျင်တွင် ဖြစ်သည့် ယခု တိုက်ပွဲသည် ထိုဒေသတွင် ပထမဆုံးအကြိမ် လည်း ဖြစ်သည်။

တိုက်ပွဲတွင် စစ်ကောင်စီတပ်ဘက်မှ ထိခိုက်ကျဆုံးမှုများကို အတည် မပြုနိုင်သေးကြောင်း ဖယ်ခုံ PDF တာဝန်ခံက ပြောသည်။

https://www.mizzimaburmese.com/article/102058

---------------------------------------------------------------------------------------------------

## ဖယ်ခုံမြို့နယ်တိုက်ပွဲဆက်ဖြစ်၊ ဒဏ်ရာရ ရဲဘော်များ ကုသရန် အကူအညီလိုအပ်နေ

By SHAN - March 16, 2022

သျှမ်းပြည် တောင်ပိုင်း ဖယ်ခုံမြို့နယ် အတွင်းတွင် အာဏာသိမ်းစစ်ကောင်စီတပ်ဖွဲ့နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဆက်လက်ဖြစ်ပွားနေကြောင်း သတင်းသိရသည်။



ယနေ့ (မတ် ၁၆)ရက် မနက် ၁၀ နာရီဝန်းကျင်မှ စတင်ပြီး ဖယ်ခုံမြို့ နှင့် လွိုင်ကော်မြို့ နယ်အစပ်တွင် စစ်ကောင်စီ နှင့် ဒေသခံ PDF ပူးပေါင်းတပ်ဖွဲ့ တိုက်ပွဲများ ပြင်းထန်နေကြောင်း PDF တပ်ဖွဲ့ဝင်တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"ဒီကနေ့ တိုက်ပွဲက ဖယ်ခုံမြို့နယ် အင်းအရှေ့ဘက်ကမ်း ဆောင်ကန်းဘက်တိုက်ပွဲက ပြင်းထန်နေပါတယ်၊ ပြီးခဲ့တဲ့ရက်တွေတုန်းက ဖြစ်သွားတဲ့ တိုက်ပွဲမှာ ကျနော်တို့ မဟာမိတ် ရဲဘော်တချို့ ထိခိုက်ဒဏ်ရာရထားတာရှိတယ်၊ သူတို့အတွက် ဆေးကုသမှု ဆေး စားရိတ်တော့ လိုအပ်နေတယ်" ဟု ဖယ်ခုံ PDF မှ တာဝန်ရှိသူတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။



ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ် အတွင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသည် အာဏာသိမ်း စစ်ကောင်စီတပ်ဖွဲ့ နှင့် တိုက်ပွဲရင်ဆိုင်နေရသည်မှာ တစ်လကျော်ရှိနေပြီး လက်ရှိတွင် KNDF တပ်ရင်း ၇ တပ်ခွဲ ၄ မှ ဖောက်ခွဲရေး တာဝန်ခံအပါအဝင် ရဲဘော်နှစ်ယောက် အရေးပေါ် ဆေးကုသ စားရိတ် လိုအပ်နေကြောင်း သတင်းသိရသည်။

"သူတို့က ရှေ့တန်းကနေ ဒဏ်ရာရလာတာပါ၊ မစ်ရှင်လုပ်ရင်းနဲ့ ထိသွားတာပေ့ါ၊ အခု ဆေးကုသမှုရော ဆေးစရိတ် ရော အရေးကြီး လိုအပ်နေပါတယ်၊ ပြီးတော့ လက်နက်ခဲယမ်း၊ ကျနော်တို့က သူ့နယ်ကိုယ့်နယ်ဆိုပြီး ခွဲတိုက်နေတာမျိုးမဟုတ်တော့ အချင်းချင်းကူညီတိုက်ခိုက်ကြပါတယ်၊ လက်နက်ရော ဆေးစားရိတ်ရော ကူညီပေးဖို့ တောင်းဆိုချင်ပါတယ်" ဟု KNDF တပ်ရင်း ၇ တပ်ခွဲ ၄ မှ အဖွဲ့ဝင်တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ဒီကနေ့ တိုက်ပွဲအခြေအနေများကြောင့် မိုးဗြဲ – လွိုင်ကော် လမ်းမအား ခရီးသွားလာခြင်းများ မပြုကြသေးရန် ပြည်သူများအား KNDF က အသိပေး ထုတ်ပြန်ထားသည်။

စစ်ကောင်စီတပ်ဖွဲ့သည် လေကြောင်းတိုက်ခိုက်မှုဖြင့် ဖယ်ခုံ၊ မိုးဗြဲ နှင့် ကရင်နီပြည် ဒီးမော့ဆိုမြို့နယ် အတွင်းသို့ ဗုံးကြဲတိုက်ခိုက်မှု နေ့စဉ်လုပ်ဆောင်နေပြီး Fuel-Air Bomb ဟု အမည်ရှိသည့် လူခန္ဓာအရွယ်ရှိ ဗုံးများဖြင့်လည်း တိုက်ခိုက်ခဲ့ပါသည်

https://burmese.shannews.org/archives/27391

------------------------------------------------------------------------------------------------------------

## ကျောက်မဲတွင် အမျိုးသားတစ်ဦး မိုင်းနင်းမိ ဒဏ်ရာရ

By SHAN - March 16, 2022

သျှမ်းပြည် မြောက်ပိုင်း ကျောက်မဲမြို့တွင် ယမန်နေ့ (မတ် ၁၅)ရက်က အမျိုးသားတစ်ဦး မိုင်းနင်းမိဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းသိရသည်။



ယမန်နေ့ (မတ် ၁၅)ရက် နေ့လည် ၃ နာရီဝန်းကျင်တွင် ကျောက်မဲမြို့ ကျောက်မဲကြီးကျေးရွာအုပ်စု မန်အော်ကျေးရွာမှ အသက် (၅၀)ကျော် အမျိုးသားတစ်ဦး ဝါးသွားခုတ်စဉ် မိုင်းနင်းမိဒဏ်ရာရရှိခဲ့ကြောင်း မိုင်းထိလူနာကို သွားရောက်ကူညီပေးသည့် အမျိုးသားတစ်ဦးက ပြောသည်။

“ သူ ဝါးသွားခုတ်တာလို့ ပြောတယ်၊ မန်အော်ရွာကနေ နမ့်မန်းရွာဘက်ကို သွားတဲ့ လူသွားလမ်းမှာ ဖြစ်သွားတာ၊ အဲ့လမ်းက သွားလာတာနည်းတယ်၊ သိပ်ပြီး မသွားကြဘူး၊ အဲ့နားတဝိုက် မိုင်းကွဲသံက အရင်ကလည်း ကြားဖူးတယ်။ တိရိစ္ဆာန်တွေ ထိတာများတယ် ” ဟု ၎င်းက ပြောသည်။

မိုင်းပေါက်ကွဲမှုကြောင့် ညာဘက် လက်မောင်းနှင့် တင်ပါးတွင် ပြင်းထန်ဒဏ်ရာ ရရှိခဲ့ပြီး ကျောက်မဲ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ မှ သွားရောက်ကူညီခဲ့ကာ ကျောက်မဲ ဆေးရုံမှတစ်ဆင့် လားရှိုးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။



အဆိုပါ မိုင်းထိလူနာတွင် သားသမီး (၆)ဦးရှိပြီး မိသားစုစားဝတ်နေရေးကို အဓိက ရှာကျွေးနေရသူ ဖြစ်သည့်အတွက် ၄င်းမိသားစု စားဝတ်နေရေးနှင့် ဆေးကုသစရိတ် ခက်ခဲနေကြောင်း လိုက်ပါကူညီသူထံမှ သိရသည်။

“အခက်ခဲကတော့ ရှိတယ်၊ သူ့သားသမီးတွေကို အဓိက ရှာကျွေးနေတာ၊ သူ့အမျိုးသမီးကလည်း ဆုံးသွားတာ ၂လလောက်ရှိပြီ၊ မနေ့က မေးကြည့်တာ သူ့လက်ထဲ ပိုက်ဆံ ၂သောင်းပဲရှိတယ်တဲ့၊ ဆေးကုဖို့ရော အခက်ခဲတွေ ရှိနေတယ်” ဟု လိုက်ပါကူညီသည့် လူငယ် အမျိုးသားတစ်ဦးက ပြောသည်။

ကျောက်မဲမြို့နယ်တွင် ယခုလ ပထမပတ်ကလည်း မိုင်းပေါက်ကွဲမှုကြောင့် လူငယ် တစ်ဦး သေဆုံးပြီး တစ်ဦး ပြင်းထန်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

https://burmese.shannews.org/archives/27372

--------------------------------------------------------------------------------------------------------

## မတူပီနှင့် မင်းတပ်ဒေသကို စစ်ကောင်စီတပ်က တကျော့ပြန် ထိုးစစ်ဆင်

Published By DVB | 16 March, 2022




ချင်းပြည်နယ်၊ မတူပီ CDF တပ်ရင်း ၃ နယ်မြေကို စစ်ကောင်စီတပ်က GPS စနစ်နဲ့ ဒရုန်းယာဉ်တွေနဲ့ ၅ ရက်ကြာ ထိုးစစ်ဆင်နေသလို မင်းတပ်မြို့နယ် ကျေးရွာတွေဘက်ကိုလည်း စစ်ကောင်စီက လက်နက်ကြီးတွေနဲ့ ဆက်တိုက်ပစ်ခတ် တကျော့ပြန် ထိုးစစ်ဆင်နေတယ်လို့ မင်းတပ်ပြည်သူ့ကာကွယ်ရေးအဖွဲ့

တာဝန်ရှိသူက ပြောပါတယ်။

မတ်လ ၁၂ ရက်မှ ၁၆ ရက်အထိ စစ်ကောင်စီက ချင်းပြည်နယ်၊ မတူပီ CDF တပ်ရင်း ၃ နယ်မြေကို စစ်ကြောင်း ၃ ခု အင်အား ၁၅၀ ကျော်နဲ့ ထိုးစစ်ဆင် တိုက်ခိုက်နေတာပါ။

မတူပီ CDF တပ်ရင်း ၃ နယ်မြေ ခွာဟုန်းကျေးရွာ လအုပ်ချောင်းအနီးမှာ မတ်လ ၁၂ ရက်ကစလို့ တိုက်ပွဲတွေ ပြင်းထန်ခဲ့တယ်လို့ မတူပီ CDF တာဝန်ရှိသူတယောက်က ပြောပါတယ်။
မတ်လ ၁၂ ရက်နဲ့ ၁၃ ရက်နေ့ တိုက်ပွဲတွေမှာ စစ်ကောင်စီဘက်က ၁၁ ယောက်သေဆုံးခဲ့ပြီး မတူပီ CDF ဘက်က ရဲဘော်တယောက် ကျဆုံးခဲ့ပါတယ်။ ၁၄ ရက်မှ ဒီကနေ့ ၁၆ ရက်နေ့အထိ တိုက်ပွဲတွေမှာတော့ နှစ်ဖက် အကျအဆုံးစာရင်းကို အတည်မပြုနိုင်သေးပါဘူး။

မင်းတပ်ပြည်သူ့ကာကွယ်ရေးအဖွဲ့ တာဝန်ရှိသူတဦးကလည်း "ချင်းပြည်နယ်၊ မင်းတပ်မြို့မှာလည်း စစ်ကောင်စီက ရိက္ခာလမ်းကြောင်းတွေ ဖြတ်တောက်တာ၊ အင်တာနက်နဲ့ ဖုန်းလိုင်းတွေ ဖြတ်တောက်တာတွေ ပြုလုပ်ထားတာကြောင့် ဒေသခံပြည်သူတွေဟာ အသက်ရှင်ရပ်တည်ဖို့ ခက်ခဲနေပါတယ်။ မင်းတပ်မြို့ ပတ်ဝန်းကျင်မှာ စစ်ကောင်စီက လက်နက်ကြီးတွေနဲ့ လှည့်ပတ်ပစ်ခတ်တာကြောင့် နေအိမ်တွေ ထိခိုက်ပျက်စီးတာ၊ ပြည်သူတွေ ထိခိုက်ဒဏ်ရာရတာတွေ ရှိနေတယ်။" လို့ ပြောပါတယ်။

စစ်ကောင်စီက မင်းတပ်မြို့မှာ မေလကတည်းက အကြမ်းဖက်မှုတွေ ဆက်တိုက်ပြုလုပ်ခဲ့တာကြောင့် ဒေသခံပြည်သူ အားလုံးနီးပါးဟာ ဘေးလွတ်ရာကို တိမ်းရှောင်နေကြရပါတယ်။

စစ်ကောင်စီတပ်တွေဟာ ချင်းပြည်နယ်မြောက်ပိုင်း ဟားခါး၊ ထန်တလန်မြို့တွေမှာ အကြမ်းဖက်မှုတွေ ပြုလုပ်ခဲ့သလို ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်-မတူပီ လမ်းပိုင်းမှာလည်း အကြမ်းဖက်မှုတွေ ဆက်တိုက်ပြုလုပ်ခဲ့တာပါ။

ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလတွေမှာ တိုက်ပွဲတွေ နည်းသွားပေမယ့် အခု မတ်လမှာတော့ စစ်ကောင်စီတပ်က ဗျူဟာအသစ်နဲ့ အကြမ်းဖက်ပြီး နယ်မြေထိန်းချုပ်ဖို့ ပြန်ကြိုးစားလာတာပါ။
ဒေသခံ CDF ပူးပေါင်းအဖွဲ့တွေက စစ်ကောင်စီ လမ်းကြောင်းတွေကို ကြားဖြတ် တိုက်ခိုက်မှုတွေ အကြိမ်ကြိမ် ပြုလုပ်ခဲ့တာကြောင့် စစ်ကောင်စီဟာ သူတို့မျှော်မှန်းခဲ့သလို နယ်မြေမထိန်းချုပ်နိုင် ဖြစ်နေပါတယ်။

ချင်းပြည်နယ်မြို့နယ် ၉ ခုမှာ တီးတိန်မြို့နယ်ကလွဲပြီး ကျန် ၈ မြို့နယ်စလုံးမှာ တိုက်ပွဲတွေ ဖြစ်ပွားနေပြီး စစ်ရေးတင်းမာနေပါတယ်။ ချင်းပြည်နယ် လူဦးရေ ၅ သိန်းကျော်ဟာ တိုက်ပွဲတွေကြောင့် စားဝတ်နေရေးအတွက် ကြီးမားတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာလည်း ဖြစ်ပါတယ်။

https://burmese.dvb.no/archives/522476

---

## ကလေးမြို့ထောင်မှာ CNDF တပ်ဖွဲ့ဝင်အပါအဝင် ခုနစ်ဦး ပစ်သတ်ခံရ

2022.03.16



စစ်ကိုင်းတိုင်း ကလေးမြို့ အကျဉ်းထောင်ကို ၂၀၂၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် တွေ့ရစဉ်။ Photo: Myanmar Military

**စစ်ကိုင်းတိုင်း ကလေးမြို့ အကျဉ်းထောင်မှာ ထောင်အာဏာပိုင်တွေနဲ့ အကျဉ်းသားတွေ အကြား မတ်လ ၁၅ ရက် မနေ့ညနေပိုင်းက ပဋိပက္ခဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့က MA-11 သေနတ်နဲ့ ပစ်ခတ်ခဲ့တာကြောင့် အချုပ်သားခြောက်ဦးနဲ့ အကျဉ်းသား တစ်ဦး၊ စုစုပေါင်း ခုနစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့သလို ၁၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့တယ်လို့ စစ်ကောင်စီက မနေ့က သတင်းထုတ်ပြန်ပါတယ်။**

ဒီပဋိပက္ခဟာ အချုပ်သား ဗန်ဒိန်း ဦးဆောင်တဲ့ အင်အား ၅၀ ဝန်းကျင်က အကျဉ်းထောင် တာဝန်ခံအရာရှိ ဦးကျော်သူ၊ ဒုတိယ တာဝန်ခံအရာရှိ ဦးချိုမင်းလတ်နဲ့ ဒုကြီးကြပ်ရေးမှူး ဦးရန်ပိုင်မျိုးတို့

သုံးဦးကို ဓားစာခံလုပ်ပြီး အကျဉ်းထောင်ကနေ ထွက်ပြေးဖို့ ကြိုးစားခဲ့တာက စတင်တာလို့ ထုတ်ပြန်ချက်က ဆိုပါတယ်။

ကလေးမြို့အကျဉ်းထောင်ဟာ လူနေရပ်ကွက်တွေ၊ ရွာတွေနဲ့ ဝေးတာကြောင့် မနေ့က ဖြစ်စဉ်နဲ့ ပတ်သက်လို့ သီးခြားလွတ်လပ်တဲ့ အတည်ပြုချက်တွေတော့ မရသေးပါဘူး။

ကလေးမြို့အကျဉ်းထောင်ကို ဝင်ထွက်နေတဲ့ ရှေ့နေတွေနဲ့ ဒေသခံတွေကတော့ စစ်ကောင်စီရဲ့ ထုတ်ပြန်ချက်ကို ယုံကြည်မှုနည်းနေကြပါတယ်။

လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ကလေးမြို့ခံတစ်ဦးကတော့ စစ်ကောင်စီရဲ့ ထုတ်ပြန်ချက်အပေါ် သူ့အနေနဲ့ သံသယဖြစ်နေတယ်လို့ RFA ကို ပြောပါတယ်။

**“ ဖြစ်တာကတော့ ဒီညနေလေးနာရီကျော်လောက်မှာ ဖြစ်ကြတယ်လို့ ပြောတယ်။ စစ်ကောင်စီထုတ်တဲ့ သတင်းနဲ့ ပြည်သူတွေ ကြားတဲ့သတင်းက ကွဲလွဲချက်တွေတော့ ရှိတယ်။ သူတို့ အမှန်အတိုင်း ဘယ်တော့မှ မပြောခဲ့တဲ့ ပုံစံအတိုင်းပဲ။ အနည်းဆုံးတော့ လူ ခုနစ်ဦးထက်မနည်း ထောင်ထဲမှာ သူတို့ ပစ်သတ်လိုက်တယ်။ မျက်မြင်တွေ့ရတာ တော့ အဲဒီလူတွေကို သူတို့လုံခြုံရေးယူထားတဲ့ ပြည်သူ့ဆေးရုံမှာ အလောင်းတွေ သယ်လာတယ်။ ရင်ခွဲရုံမှာထားတယ် ”**

အကျဉ်းသားတွေဟာ ထောင်ကနေထွက်ပြေးဖို့ ကြိုးစားတာမဖြစ်နိုင်ဘဲ ထောင်အာဏာ ပိုင်တွေက နိုင်ငံရေး အကျဉ်းသားတွေအပေါ် ဖိနှိပ်တဲ့အတွက် ဆန္ဒပြမှုအပေါ် အကြမ်း ဖက်ဖြိုခွင်းခဲ့တာ ဖြစ်နိုင်တယ်လို့ ဒေသခံတွေက ယူဆပါတယ်။

ပဋိပက္ခကို ဖြိုခွင်းရာမှာ ဗန်ဒိန်း၊ မျိုးဝင်းအောင်၊ ဝင်းကိုနိုင်၊ မောင့်ညီ၊ မျိုးမင်းထွန်း၊ ချမ်းမင်းကို နဲ့ တူးခိုင်တို့ ခုနစ်ဦး သေနတ်ဒဏ်ရာတွေနဲ့ သေဆုံးခဲ့ပါတယ်။ ဒဏ်ရာရ တဲ့သူတွေရဲ့ အမည်တွေကိုတော့ မသိရသေးပါဘူး။

ပဋိပက္ခကို ဦးဆောင်သူလို့ စစ်ကောင်စီက စွပ်စွဲပြီး ပစ်သတ်ခံရသူတွေထဲပါဝင်တဲ့ အချုပ်သား ဗန်ဒိန်း (ခေါ်) ဆလိုင်း ရှလွန်ရှန်းထန်းလျန် (Salai Shalom Siang Thang Lian @ Van Dam) ဟာ ချင်းအမျိုးသားကာကွယ်ရေး (PDF) တပ်ဖွဲ့ဝင်တစ်ဦးဖြစ်တယ်လို့ CNDF တာဝန်ရှိသူက ပြောပါတယ်။

**“သူတို့ကြေညာထားတဲ့ဟာလည်း ကျနော်တို့ မယုံကြည်ဘူး။ ဗန်ဒိန်းဟာ ကျနော်တို့ အားကိုးအားထား ရတဲ့ ရဲဘော်တစ်ယောက်ဖြစ်တယ်။ အဖမ်းခံရတာလည်း တစ်နှစ် နီးပါးရှိပြီ။ ဇွန်လတုန်းက အဖမ်းခံရတာ။ ကောင်းကောင်းမွန်မွန်နေပြီးမှ အကျင့်စာရိတ္တ လည်းကောင်းတဲ့ ရဲဘော်တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ဒီလို သူတို့ (စစ်ကောင်စီ) ပြောတဲ့ စံ မဟုတ်လောက်ဘူး။ ဗန်ဒိန်းအတွက်သာမက ကျဆုံးသွားတဲ့ ရဲဘော်များ အတွက် ကျနော်တို့ အနေနဲ့ အရမ်းကို ဝမ်းနည်းမိပါတယ်”**

ဗန်ဒိန်းဟာ ပြီးခဲ့တဲ့နှစ် ဇွန်လက ကလေးမြို့မှာ CNDF ရဲ့ စစ်ရေးတာဝန်တွေ ထမ်းဆောင် နေတုန်း ဖမ်းဆီးခံ လိုက်ရတာဖြစ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနဲ့ အကျဉ်းထောင် ထဲမှာ အမှုရင်ဆိုင်နေရတာပါ။

မနေ့က ပစ်ခတ်ဖြိုခွင်းလို့ သေဆုံးသူတွေနဲ့ ထိခိုက်ဒဏ်ရာရသူတွေထဲ နိုင်ငံရေးအကျဉ်း သားတွေ ပါဝင်တယ်လို့ အကျဉ်းဦးစီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်ရွှေက RFA ကို အတည်ပြုပါတယ်။ ဒါပေမဲ့ ပါဝင်တဲ့ နိုင်ငံရေးအကျဉ်းသားအရေအတွက်နဲ့ အသေးစိတ် အချက်အလက်တွေကို သူက မပြောပါဘူး။

ပဋိပက္ခကိုဖြေရှင်းရာမှာ ခန္ဓာကိုယ် အောက်ပိုင်းကို ပစ်ခတ်ဖြိုခွင်းခဲ့တာလို့ စစ်ကောင်စီက ထုတ်ပြန်ပါတယ်။

**"အနည်းဆုံးတော့ လူ ခုနစ်ဦးထက်မနည်း ထောင်ထဲမှာ သူတို့ ပစ်သတ်လိုက်တယ်"**

ဒါပေမဲ့ စစ်ကောင်စီက သတင်းထောက်တွေကို Viber Group ကနေ မနေ့က ဖြန့်ဝေခဲ့တဲ့ ဓာတ်ပုံမှတ်တမ်းတွေအရ သေဆုံးသူအချို့ရဲ့ ဦးခေါင်းနဲ့ ရင်ဘတ်တွေမှာ ပစ်ခတ်ခံထား ရတာကို တွေ့ရပါတယ်။ အဲဒီဓာတ်ပုံတွေကိုတော့ စစ်ကောင်စီက Viber Group ထဲကနေ ပြန်လည်ဖယ်ရှားခဲ့ပါတယ်။

အခုလို ခန္ဓာကိုယ်အပေါ်ပိုင်းကို ပစ်ခတ်ခံရတာဟာ ဥပဒေနဲ့ ညီညွတ်မှုမရှိဘူးလို့ လုံခြုံရေး အရ အမည်မဖော်လိုတဲ့ ဒေသခံရှေ့နေတစ်ဦးက ထောက်ပြပါတယ်။

အကျဉ်းဦးစီးဌာန ပြောခွင့်ရသူ ဦးခင်ရွှေကတော့ သေဆုံးသူတွေဟာ ငုံ့ပြီးရှောင်တဲ့အတွက် ခေါင်းကို ကျည်ထိမှန်တာလို့ ဆိုပါတယ်။

**"အဲဒါကတော့ဗျာ အရေးထဲကျတော့လည်း ရှောင်တာ၊ တိမ်းတာ၊ ပစ်တာ ခတ်တာ ကြောင့် ထိကောင်းလည်း ထိသွားနိုင်ပါတယ်။ အများနဲ့ ကာကွယ်ရတာဆိုတော့ ဒါမျိုးဖြစ်တတ်ပါတယ်။ ဒဏ်ရာရတဲ့သူကိုတော့ ဒဏ်ရာရသလို ကုပေးပါတယ်။ ခရိုင်ပြည်သူ့ဆေးရုံကြီးမှာ ဆေးဝါးကုသမှု ပေးနေပါတယ်"**

ထောင်အာဏာပိုင်တွေအနေနဲ့ ဒီပဋိပက္ခမှာ ပါဝင်ခဲ့တဲ့သူတွေကို ထပ်မံ စိစစ်ဖော်ထုတ်ပြီး အရေးယူမှုတွေ ပြုလုပ်သွားမယ်လို့လည်း ဦးခင်ရွှေက ပြောပါတယ်။



စစ်ကိုင်းတိုင်း ကလေးအကျဉ်းထောင်။ (Photo: CJ)

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) တာဝန်ရှိသူတစ်ဦး ကတော့ မနေ့ကဖြစ်စဉ်မှာ စစ်ကောင်စီလုံခြုံရေး တပ်ဖွဲ့ဝင်တွေက နိုင်ငံရေးအကျဉ်းသား တွေအပေါ် အငြိုးအတေးထားပြီး ပစ်ခတ်ခဲ့တာ ဖြစ်နိုင်တယ်လို့ မှတ်ချက်ပြုပါတယ်။

**"ထောင်ထဲမှာ ဖိနှိပ်မှုတွေ အရမ်းများတဲ့အခါမှာ နိုင်ငံရေးအကျဉ်းသားတွေက ထောင် ကို ဆန္ဒပြတဲ့ဖြစ်စဉ်တွေ နေရာတော်တော်များများမှာ ဖြစ်နေတယ်။ ဒီလိုမျိုးဆန္ဒပြတဲ့ ဖြစ်စဉ်တွေပေါ်မှာ သူတို့ဘက်က အကြမ်းဖက် ဖြိုခွင်းတာတွေလုပ်ရင်းနဲ့ ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေ အကျဉ်းထောင်ထဲ ကျဆုံးသွားတာဖြစ်နိုင်ဖို့ အလားအလာ အများကြီးရှိတယ်။ သေချာတာကတော့ နိုင်ငံရေးအကျဉ်းသားတွေဟာ ထောင်ထဲမှာ အခုကာလမှာ နိုင်ငံရေးအငြိုးအတေးတွေကြောင့် မတရားညှဉ်းပန်းနှိပ်စက်မှုတွေ ထောင်တိုင်းလိုလိုမှာ ကြုံနေရတယ် "**

AAPP စာရင်းတွေအရ စစ်အာဏာသိမ်းပြီးနောက် မတ်လ ၁၅ ရက် အထိ အကျဉ်းထောင် အသီးသီးမှာ ဖမ်းဆီးခံခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသား ၁၂၆၉၁ ဦးအထိ ရှိနေပါပြီ။

နိုင်ငံရေးအကျဉ်းသားတွေကို ထောင်အာဏာပိုင်တွေက ပစ်မှတ်ထား ဖိနှိပ်တဲ့အတွက် ရန်ကုန်တိုင်း အင်းစိန်ထောင်နဲ့ မန္တလေးတိုင်း အိုးဘိုထောင်တွေမှာ အကျဉ်းသားတွေ ဆန္ဒပြခဲ့တာရှိပါတယ်။

အဲဒီတုန်းကလည်း အကျဉ်းထောင်လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အကျဉ်းသားတွေကို ရိုက်နှက်ဖြိုခွင်းတာတွေ ရှိခဲ့တယ်လို့ အကျဉ်းထောင်နဲ့ နီးစပ်သူတွေက ပြောကြပါတယ်။

https://www.rfa.org/burmese/news/seven-killed-in-kalay-prison-riot-03162022073515.html

-----------------------------------------------------------------------------------------------------------

## ကလေးအကျဉ်းထောင်၌ CNDF ရဲဘော်အပါအဝင် ၇ ဦး ပစ်သတ်ခံရ

Published By DVB | 16 March, 2022

ကလေးအကျဉ်းထောင်တွင်းမှာ ထောင်အာဏာပိုင်တွေက ပစ်သတ်လို့ သေဆုံးခဲ့တဲ့ အကျဉ်းသား ၇ ဦးထဲမှာ ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့- CNDF မှ ရဲဘော် ဆလိုင်း ရှလွန်ရှန်းထန်းလျန်(ခ) ဗန်ဒိန်း ပါဝင်ပြီး

အမျိုးသားတော်လှန်ရေးအတွက် ပေးဆပ်မှုအပေါ် လေးစားဂါဝရပြုတယ်လို့ ချင်းအမျိုးသားအဖွဲ့ချုပ် (CNO) က  သတင်းထုတ်ပြန်ပါတယ်။



ကလေးအကျဉ်းထောင်တွင်း  မတ် ၁၅ ရက်ညနေက ဖြစ်ပွားခဲ့တဲ့ ပစ်ခတ်မှုမှာ အချုပ်သား ၆ ဦးနဲ့ အကျဉ်းသား ၁ ဦး စုစုပေါင်းပေါင်း ၇ ဦး သေဆုံးခဲ့ပြီး အချုပ်သား ၁၂ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ စစ်ကောင်စီ ပြန်ကြားရေးက သတင်းထုတ်ပြန်ထားတာပါ။

အကျဉ်းထောင်ဝန်ထမ်းအရာရှိတွေကို  ဖမ်းဆီးပြီး ထွက်ပြေးဖို့ ကြိုးစားတာကြောင့် ပစ်သတ်တာဖြစ်တယ်လို့ စစ်ကောင်စီပြန်ကြားရေးရဲ့ ဝါဒဖြန့်မီဒီယာတွေက ထုတ်ပြန်ထားပါတယ်။

ဒါဟာ အဖြစ်မှန်မဟုတ်ဘဲ စစ်ကောင်စီက လုပ်ကြံသတင်းထုတ်ထားတာဖြစ်တယ်လို့  နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေက ပြောပါတယ်။

ချင်းအမျိုးသားအဖွဲ့ချုပ်  CNO ပြန်ကြားရေးတာဝန်ခံဖြစ်သူက “ဒီကောင်တွေရဲ့ ယုတ်မာမှုလို့ပဲမြင်တယ်။ ကလေးတွေက ကိုယ်ပိုင်စဉ်းစားချင့်ချိန် တွေးတောနိုင်တဲ့သူတွေ။ ထောင်ထဲကထွက်ပြေးဖို့ မိုက်ရူးရဲဆန်တဲ့ပုံစံမျိုးလုပ်မှာမဟုတ်ဘူး”လို့ ပြောပါတယ်။

ထောင်ထဲမှာ အပ်တိုတချောင်းတောင်ဆောင်လို့မရတဲ့သူတွေကို သေနတ်နဲ့ပစ်သတ်တာ ဘယ်လိုမှလက်ခံလို့ မရဘူးလို့လည်း ပြောပါတယ်။

ကလေးအကျဉ်းထောင်မှာ အချုပ်သား ဗန်ဒိန်း (ဘ) ဦးလျှန်ပုန် ဦးဆောင်တဲ့ အကျဉ်းသား၊အချုပ်သား ၅၀ လောက်က အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူ၊ ဒုတာဝန်ခံအရာရှိ ဦးစီးအရာရှိ ဦးချိုမင်းလတ်နဲ့ ဒုကြီးကြပ်ရေးမှူး ဦးရန်ပိုင်မျိုးတို့ ၃ ဦးကို ဓားစာခံပြုလုပ်ပြီး အကျဉ်းထောင်ကနေ ထွက်ပြေးလွတ်မြောက်ဖို့ ကြံစည်ကြိုးစားတာကြောင့် ပစ်ခတ်ခဲ့တာလို့ စစ်ကောင်စီ ပြန်ကြားရေးသတင်းမှာ ဖော်ပြပါတယ်။

ထောင်တာဝန်ခံအရာရှိပါ ၃ ဦးကို ဓားစာခံအဖြစ် ဖမ်းချုပ်စဉ် တာဝန်ခံအရာရှိက ပြန်လည်ခုခံလို့ လွတ်မြောက်သွားခဲ့ပြီး ဗဟိုကင်းပေါ် ချက်ချင်းတက်ရောက်ကာ Hand Speaker နဲ့ ဖမ်းဆီးထားတဲ့ အရာရှိ ၂ ဦးကို ပြန်လွှတ်ပေးဖို့ အကြိမ်ကြိမ် ပြောကြားခဲ့ပေမယ့် လိုက်နာမှုမရှိလို့ MA-11 သေနတ်နဲ့ ပစ်ခတ်ခဲ့ရာ အချုပ်သားတွေ သေဆုံးဒဏ်ရာ ရခဲ့တာလို့ ဆိုပါတယ်။

ဓားစာခံအဖြစ် ထိန်းသိမ်းခံရတဲ့ ဒုကြီးကြပ်ရေးမှူးရဲ့ ဝဲဘက်လည်ပင်းနဲ့ မေးရိုးတို့မှာ ပြတ်ရှဒဏ်ရာ ၁ ချက်စီ (မစိုးရိမ်ရ) ရရှိသွားပြီး ကလေးပြည်သူ့ဆေးရုံကြီးကို ပို့ဆောင် ကုသပေးနေတယ်လို့ ဆိုပါတယ်။

ထောင်အာဏာပိုင်တွေနဲ့ အကျဉ်းသားတွေအကြား ပြဿနာတက်ကြရာက စစ်တပ်က ဝင်လာကာ အကျဉ်းသားတွေကို ပစ်သတ်ခဲ့တာ ဖြစ်ကြောင်းနဲ့ ပစ်သတ်ခံရသူတွေဟာ နိုင်ငံရေးအကျဉ်းသားတွေ ဒါမှမဟုတ် အဖမ်းခံထားရတဲ့ PDF တွေဖြစ်ပြီး သေဆုံးသူ အရေအတွက် ဒီထက်ပိုများနိုင်တယ်လို့ သတင်းတွေ ထွက်နေပါတယ်။

ကလေးအကျဉ်းထောင်ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ မော်လိုက်လေးကျေးရွာအနီး ကလေး-တမူး ကားလမ်းမှာ တည်ရှိပြီး  ထောင်အနီးပတ်ဝန်းကျင်မှာ လုံခြုံရေးတင်းကျပ်ထားပါတယ်။

https://burmese.dvb.no/archives/522460

-----------------------------------------------------------------------------------------------------------

# နေရပ်ပြန်ရန် အလှမ်းဝေးနေဆဲ ရခိုင်စစ်ဘေးဒုက္ခသည်များ

By နောင်နောင် | 16 March 2022



ဓာတ်ပုံ - NYEIN CHAN NAING /EPA

ရခိုင်ပြည်နယ်တွင် ရက္ခိုင့်တပ်တော် (AA ) နှင့် အာဏာသိမ်း စစ်ကောင်စီတပ်တို့ အကြား တိုက်ပွဲများ ရပ်စဲနေသည်မှာ တစ်နှစ်ခွဲနီးပါး ရှိလာသော်လည်း စစ်ရှောင်အများစု နေရပ်ပြန်ရန် အခက်အခဲများစွာ ရှိနေကြဆဲဖြစ်ကြောင်း စစ်ဘေးရှောင်များက ပြောသည်။

ပုဏ္ဏားကျွန်းမြို့နယ်၊ အထက်မြတ်လဲ့ကျေးရွာက စစ်ဘေးရှောင်စခန်းတွင် ခိုလှုံနေကြသော စစ်ဘေးဒုက္ခသည်များကမူ တိုက်ပွဲအတွင်း ကျန်ခဲ့သည့် မြေမြှုပ်မိုင်း အန္တရာယ်ကို စိုးရိမ်၍ နေရပ်မပြန်ရဲဘဲ ဖြစ်နေကြောင်း စခန်းတာဝန်ခံ ဦးအောင်နိုင်ဝင်းက မဇ္ဈိမကို ပြောသည်။

"နေရပ်ပြန်ဖို့က အခက်အခဲတွေ ရှိပါတယ်။ လူတွေကတော့ သွားလာလို့ရပါတယ်။ ရပ်ရွာမှာ အပြီးသွားနေဖို့က မိုင်းအန္တရာယ်တွေနဲ့ တောလမ်းထဲက မိုင်းအန္တရာယ်တွေကို ကြောက်ရပါတယ်" ဟု ဦးအောင်နိုင်ဝင်းက ပြောသည်။

အထက်မြတ်လဲ့ စစ်ဘေးရှောင်စခန်းတွင် တိုက်ပွဲကာလအတွင်း ထွက်ပြေးလာသည့် ကျေးရွာပေါင်း ၁၀ ကျော်က စစ်ဘေးဒုက္ခသည် ဦးရေ ၇၀၀ ဝန်းကျင်ရှိပြီး မြို့တိုင်းရင်းသားများနှင့် ခမီတိုင်းရင်းသား စစ်ဘေးရှောင်အများစု နေထိုင်ကြသည်။

စစ်ဘေးဒုက္ခသည်များသည် တဲအိမ်သာသာ အမိုးအကာအောက်တွင် ဖြစ်သလို နေထိုင်နေကြရခြင်းဖြစ်ပြီး စားဝတ်နေရေးနှင့် ကျန်းမာရေး အခက်အခဲများစွာဖြင့် ရင်ဆိုင်နေကြရသည်။

အဆိုပါ ဒုက္ခသည်များသည် လူမှုအဖွဲ့အစည်း တချို့၏ အကူအညီနှင့် ကမ္ဘာ့စားနပ်ရိက္ခာ ကူညီထောက်ပံ့ရေး အစီအစဉ် (WFP) က လစဉ်အထောက်အပံ့ တချို့ဖြင့်သာ ရပ်တည်နေကြခြင်းဖြစ်ပြီး နေ့စားအလုပ်ဖြင့်လည်း အသက်မွေးကြသည်။

" ဆေးရုံ၊ ဆေးခန်းအတွက် အကူအညီအထောက်အပံ့တွေ လိုအပ်ပါတယ်။ စားဝတ်နေရေး၊ ကျန်းမာရေး မကောင်းတဲ့လူတွေအတွက် ကူညီထောက်ပံ့စရိတ်တွေ လိုအပ်ပါတယ်" ဟု အထက်မြတ်လဲ့ စစ်ရှောင်စခန်း တာဝန်ရှိသူက ပြောသည်။

ပြီးခဲ့သည့်နှစ် နှောင်းပိုင်းတွင် အာဏာသိမ်းစစ်ကောင်စီက မိုင်းရှင်းလင်းရေး လုပ်ဆောင်မည်ဟု ပြောခဲ့သော်လည်း လက်တွေ့တွင် ကားလမ်းတစ်လျှောက်တွင်သာ မိုင်းရှင်းလင်းရေး အနည်းငယ် လုပ်ဆောင်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားခဲ့သော ကျေးရွာများနှင့် တောတောင်များတွင် မိုင်းရှင်းလင်းရေး လုပ်ဆောင်ခဲ့ခြင်း မရှိကြောင်း ဒေသခံများက ပြောသည်။

ကျေးရွာများတွင် နှစ်ချီစွန့်ပစ်ထား၍ ပျက်စီးနေသော နေအိမ်များကို ပြန်ပြုပြင်ပေးရန်နှင့် အလုပ်အကိုင်အခွင့်လမ်း ဖန်တီးပေးနိုင်မှုများကို သေချာစိစစ်ပြီး ထောက်ပံ့ကူညီနိုင်မှသာ ကောင်းမွန်စွာ နေရပ်ပြန်နိုင်ရေး အစီအစဉ် စတင်နိုင်မည်ဟု တိမ်ညိုစစ်ဘေးရှောင်စခန်း တာဝန်ရှိသူ ဦးစိုးနိုင်က ထောက်ပြသည်။

" စစ်ဘေးရှောင်တွေက အိမ်မပြန်ရဲကြဘူး။ ပြန်မယ်ဆိုရင်လည်း သုံးနှစ်လောက် လူမနေဘဲ ပျက်စီးနေတဲ့ အိမ်တွေကို ပြန်ပြင်ဖို့လည်း လိုပါတယ်။ အဲဒါကို NGO ဖြစ်ဖြစ်၊ အဖွဲ့အစည်းတွေက လုပ်နိုင်ရင်တော့ ကောင်းပါတယ်။ ဒီအတိုင်းပြန်သွားရင် နေစရာလည်း မရှိတော့ဘူး" ဟု ဦးစိုးနိုင်က ပြောသည်။

မြောက်ဦးမြို့နယ် တိမ်ညိုစစ်ဘေးရှောင်စခန်းတွင် တိုက်ပွဲကာလအတွင်း အနီးအနားကျေးရွာပေါင်း ၁၀ ကျော်က အိမ်ထောင်စု ၇၇၃ စုနှင့် စစ်ဘေးဒုက္ခသည် ဦးရေ ၃၀၀၀ ဝန်းကျင်ခန့် လာရောက်ခိုလှုံနေထိုင်နေကြခြင်း ဖြစ်သည်။

ယင်းအနက် လက္ကာကျေးရွာက အိမ်ထောင်စု ၁၀၂ စုသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း စစ်ကောင်စီ၏ အစီအစဉ်ဖြင့် နေရပ်ပြန်သွားသည်ဟု စခန်းတာဝန်ရှိသူက ပြောသည်။

စစ်ဘေးဒုက္ခသည်များ ခိုလှုံနေကြရသည့် စစ်ဘေးရှောင်စခန်းက တဲအိမ် အများစုသည် လက်ရှိမှာ ယိုယွင်းပျက်စီးနေပြီဖြစ်ကာ လောလောဆယ် နွေရာသီတွင် အဆင်ပြေသော်လည်း မိုးရာသီမတိုင်မီ ပြန်လည်ပြုပြင်ရန် လိုအပ်နေသည်။

ရက္ခိုင့်တပ်တော် (AA) အားကောင်းရာ ရခိုင်မြောက်ပိုင်းတွင် စစ်ရေးအခြေအနေတင်းမာမှုများ ရှိနေဆဲဖြစ်ပြီး မောင်တောမြို့နယ်တွင် ဖေဖော်ဝါရီလအတွင်းက အာဏာသိမ်းစစ်ကောင်စီတပ်နှင့် AA တပ်ဖွဲ့တို့အကြား လေးရက်ဆက်တိုက် တကျော့ပြန် တိုက်ပွဲများ ပြင်းထန်ခဲ့သေးသည်။

ရက္ခိုင့်တပ်တော် AA ပြန်ကြားရေးတာဝန်ခံ ဦးခိုင်သုခက AA နှင့် အာဏာသိမ်းစစ်ကောင်စီတပ်တို့အကြား တရားဝင်အပစ်ခတ် ရပ်စဲထားခြင်း မဟုတ်သည့်အတွက်ရခိုင်ပြည်နယ်အတွင်း မည်သည့်နေရာမဆို အချိန်မရွေး တိုက်ပွဲဖြစ်ပွားလာနိုင်ကြောင်း မတ်လ ၅ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မဇ္ဈိမကို ဖြေကြားခဲ့သည်။

ယခင်ဖြစ်ပွားခဲ့သည့် တစ်နှစ်ခွဲကျော်ကြာ တိုက်ပွဲကာလအတွင်း စစ်ဘေးဒုက္ခသည် ဦးရေ ၂၀၀၀၀၀ ခန့် ရှိခဲ့ပြီး လက်ရှိအချိန်ထိ နေရပ်မပြန်နိုင်သေးသော စစ်ဘေးဒုက္ခသည် ဦးရေ ၁၅၀၀၀၀ ခန့်ရှိနေသေးကြောင်း စစ်ဘေးဒုက္ခသည် အရေး ကူညီနေသော ဒေသတွင်း အဖွဲ့အစည်းများက ပြောသည်။

ယင်းအပြင် လက်ရှိအချိန်ထိ ကျေးရွာများအနီးတဝိုက်တွင် အာဏာသိမ်း စစ်ကောင်စီတပ်သားများ တပ်စွဲနေရာယူထားခြင်းကြောင့် စစ်ဘေးဒုက္ခသည်အများစု နေရပ်မပြန်ရဲဘဲ တွန့်ဆုတ်နေကြခြင်း ဖြစ်သည်။

ရခိုင်လွှတ်တော်အမတ်ဟောင်း ဦးဖေသန်းကမူ နေရပ်မပြန်နိုင်သေးသော စစ်ဘေးဒုက္ခသည်အများစုသည် တိုက်ပွဲများ ပြန်ဖြစ်လာမည်ကို စိုးရိမ်နေကြခြင်းကြောင်းဖြစ်သည်ဟု ပြောသည်။

“အဓိကတော့ မူလနေရာကို ပြန်သွားမယ်ဆိုရင် သူတို့အနေနဲ့ စစ်ပွဲတွေ ထပ်ပြီးဖြစ်လာနိုင်မလားဆိုတဲ့ စိုးရိမ်ကြောင့်ကြမှုလည်း ရှိတယ်။ နောက်ပြီးတော့ မူလနေရာတွေမှာ မိုင်းရှင်းလင်းရေးကလည်း မလုပ်နိုင်သေးဘူး။ သူတို့သွားတဲ့ တောတောင်တွေမှာ မိုင်းရှိနေသေးတယ်။ အဲဒါကြောင့်လည်း တစ်ချက်ပေါ့။ နောက်တစ်ချက်ကတော့ နေရပ်ပြန်မယ်ဆို စားဝတ်နေရေး၊ ပြိုပျက်နေတဲ့ အိမ်တွေကို ပြန်ဆောက်ဖို့ဟာကလည်း အဓိကကျတယ်လို့ မြင်ပါတယ်” ဟု ဦးဖေသန်းက ပြောသည်။

ထိုသို့ ကျေးရွာများတွင် မရှင်းလင်းရသေးသော မြေမြှုပ်မိုင်းအန္တရာယ်အပြင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးနှင့် နယ်မြေမတည်ငြိမ်မှုများအကြား ရခိုင်စစ်ဘေးဒုက္ခသည်များ လုံခြုံအေးချမ်းစွာ နေရပ်ပြန်နိုင်ရေး အခြေအနေက အလှမ်းဝေးကွာနေဆဲဖြစ်သည်။

“အိမ်ပြန်ရမယ့်အချိန်ကို တွေးတာပေါ့။ ဒါပေမဲ့ ကြောက်စိတ်တွေ ရှိနေသေး။ နိုင်ငံရေး အခြေအနေကလည်း ဘယ်လိုဖြစ်မယ်ဆိုတာ ခန့်မှန်းမရတဲ့ အခြေအနေ ဖြစ်နေတယ်” ဟု စစ်ဘေးဒုက္ခသည် တစ်ဦးက ပြောသည်။

https://www.mizzimaburmese.com/article/102034

----------------------------------------------------------------------------------------------------------------

## မြန်မာတွင် စစ်တပ်က ပြည်သူကိုပစ်မှတ်ထားပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်း အပြင်းထန်ဆုံးစစ်ပွဲ ဆင်နွှဲနေ (ရုပ်သံ)

Published By DVB | 16 March, 2022

အာဏာသိမ်းမြန်မာစစ်တပ်ဟာ လေကြောင်းနဲ့ မြေပြင်တိုက်ခိုက်မှုတွေမှာ အရပ်သား ပြည်သူတွေကို ပစ်မှတ်ထားတိုက်ခိုက်နေပြီး ဒုတိယကမ္ဘာစစ် နောက်ပိုင်း မြန်မာနိုင်ငံမှာ အဆိုးရွားအပြင်းထန်ဆုံးလို့ ယူဆရတဲ့ တိုက်ပွဲတွေဆင်နွှဲနေတယ်လို့ Free Burma Rangers အဖွဲ့ကပြောပါတယ်။

မြန်မာပြည်က စစ်ပွဲဇုန်အတွင်း ၃ လနီးပါးကြာ နေထိုင်ခဲ့တဲ့ Free Burma Rangers လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့ ဒါရိုက်တာ David Eubank က AP သတင်းဌာနကို ပြောကြားခဲ့တာပါ။

မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်းဒေသတွေကို စစ်ကောက်စီတပ်က ဂျက်လေယာဥ်တွေနဲ့ ရဟတ်ယာဥ်တွေ မကြာခဏ တိုက်ခိုက်မှုတွေ ပြုလုပ်လေ့ရှိပြီး သူနဲ့ သူ့ရဲ့ စေတနာ့ဝန်ထမ်းတွေ တိုက်ပွဲဖြစ်တဲ့နေရာမှာ ပိတ်မိနေတဲ့ အရပ်သားတွေကို ဆေးဝါးနဲ့ ရိက္ခာအကူအညီတွေ ယူလာခဲ့ပေးခဲ့ကြောင်း စစ်ကောင်စီရဲ့ မြေပြင်တပ်ဖွဲ့ဝင်တွေဟာ အမြောက်တွေနဲ့ သိမ်းကျုံးပစ်ခတ်နေတာကြောင့် ထောင်ပေါင်းများစွာသော ဒေသခံ ပြည်သူတွေဟာ သူတို့အိုးအိမ်တွေကို စွန့်ခွာ ထွက်ပြေးခဲ့ရတယ်လို့ ဆိုပါတယ်။

သူတို့အဖွဲ့ ရိုက်ကူးထားတဲ့ ဗွီဒီယိုထဲမှာ အရပ်သားအများအပြား သေဆုံးစေခဲ့တဲ့ ကယား (ကရင်နီ) ပြည်နယ်အတွင်း မြန်မာစစ်လေယာဥ်တွေရဲ့ လေကြောင်းတိုက်ခိုက်မှုတွေ အကြိမ်ကြိမ် ကျူးလွန်ခဲ့တဲ့ ရှားရှားပါးပါး ပုံရိပ်တွေ ပါဝင်နေပါတယ်။

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှာ နှစ်အနည်းငယ်ကြာအောင် တိုက်ပွဲတွေ ပြင်းထန်ပေမယ့် ကြိုးကြားကြိုးကြား တိုက်ပွဲတွေ ဖြစ်ကြောင်းနဲ့ မြန်မာပြည်မှာ အရင်က မတွေ့ဖူးသေးတဲ့ တိုက်ပွဲတွေကို ကရင်နီဒေသမှာ တွေ့လိုက်ရကြောင်း David Eubank က ပြောပါတယ်။

စစ်ကောင်စီတပ်ဟာ ကရင်ပြည်နယ်မှာ သူတို့လုပ်ခဲ့သလို တနေ့ကို တကြိမ်၊ နှစ်ကြိမ်လောက် လေကြောင်းတိုက်ခိုက်မှုမျိုး မဟုတ်ဘဲ MiG တိုက်လေယာဥ်တွေ တခုပြီးတခု ထွက်လာတာမျိုး၊ ဒီ Yak fighter (အင်ဂျင်တလုံးတပ် တယောက်စီး တိုက်လေယာဥ်) တွေကလည်း တစီးပြီး နောက်တစီး လာပစ်ကြတာလို့ Eubank က ဆိုပါတယ်။

တိုက်ခိုက်ရေး ရဟတ်ယာဥ်တွေ၊ ရုရှားတိုက်လေယာဥ်တွေနဲ့ နောက်ထပ် ရာနဲ့ချီတဲ့ ၁၂၀ မီလီမီတာ မော်တာကျည်တွေကို သယ်ပြီး လာပစ်တာလို့ ပြောပါတယ်။

Free Burma Rangers အဖွဲ့ရဲ့ ဒရုန်းနဲ့ ရိုက်ကူးထားတဲ့ ဗွီဒီယိုဖိုင်ထဲမှာ ကရင်နီ အခြေချနေထိုင်ရာ နေရာတွေကို စစ်တပ်ရဲ့ထိုးစစ်ဆင်မှုကြောင့် ထိခိုက်မှုအခြေအနေတွေကို ပြသထားပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၁၅ ရက်ကလည်း ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာကို လေကြောင်းတိုက်ခိုက်ခဲ့ရာမှာ အရွယ်အစားကြီးမားတဲ့ ဗုံးကြီး ၂ လုံးကို ကြဲချခဲ့လို့ တလုံးပေါက်ကွဲပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေနဲ့ ဒေသခံတွေ ကြုံတွေ့ခဲ့ကြရပါတယ်။

နယူးယောက်ခ်အခြေစိုက် Human Rights Watch လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ လေ့လာသုံးသပ်သူတဦးက အဲဒီ တိုက်ခိုက်မှုတွေဟာ စစ်ရာဇဝတ်မှုဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဖေဖော်ဝါရီ ၂၄ ရက်ထုတ် မြန်မာ့အလင်းနေ့စဥ် သတင်းစာမှာတော့ စစ်တပ်ဟာ ကယားပြည်နယ် မြို့တော် လွိုင်ကော်အနီးမှာ လေကြောင်းတိုက်ခိုက်မှုတွေနဲ့ အမြောက်တွေ ပြင်းထန်စွာ ပစ်ခတ်ခဲ့ကြောင်းကို ဝန်ခံလိုက်ပြီး အကြမ်းဖက်အဖွဲ့လို့ ခေါ်တဲ့ အုပ်စုတွေကို ရှင်းလင်းဖို့လို့ အကြောင်းပြ ပြောဆိုထားပါတယ်။

https://burmese.dvb.no/archives/522504

---

## စစ်တပ်ပစ်ခတ်မှုကြောင့် ကျဆုံးပြည်သူ ၁,၆၇၆ ဦး၊ ဖမ်းဆီးထိန်းသိမ်းခံရသူ ၁၂,၇၈၈ နီးပါး ရှိလာ

Published By DVB | 16 March, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်း ၁ နှစ်ကျော်ကာလ စစ်ကောင်စီတပ်တွေ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁,၆၇၆ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၂,၇၈၈ နီးပါးထိ ရှိခဲ့တယ်လို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ် ၁၅ ရက်အထိ အေအေပီပီက ကောက်ယူ မှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉,၆၅၆ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၈၄၄ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက် အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁,၉၇၃ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက် အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ချောင်းရိုးကျေးရွာကို အကြမ်းဖက်စစ်အုပ်စုတပ်က ဝင်ရောက်လာခဲ့ပြီး ဒေသခံရွာသား ဦးသန်းစိန်နဲ့ သားဖြစ်သူ ကိုကျော်မင်းခိုင်တို့ကို ပစ်သတ်ခဲ့ကြောင်း သိရပါတယ်။ ဦးသန်းစိန်နဲ့ ကိုကျော်မင်းခိုင်တို့ဟာ နေအိမ်တွေ မီးရှို့ခံရတာကြောင့် ထွက်ပြေးလာချိန်မှာ ပစ်သတ်ခံခဲ့ရခြင်းဖြစ်ပြီး ခေါင်းနဲ့ရင်ဘတ်ကို ကျည်ထိမှန်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ချောင်းရိုးကျေးရွာမှာ ထွက်မပြေးနိုင်ဘဲ ကျန်ခဲ့တဲ့ အသက် ၇၀ အရွယ် ဦးခင်မောင်သိန်းဟာလည်း သေဆုံးသွားခဲ့ကြောင်း သိရပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်၊ မိုင်းတုံမြို့မှာ နေထိုင်တဲ့ အလွတ်တန်းသတင်းထောက်ဟောင်း ကိုအောင်ဝင်းဌေးဟာ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ အကြမ်းဖက်စစ်အုပ်စုနဲ့ စစ်အာဏာသိမ်းမှုနဲ့ ဆက်နွှယ်တဲ့ စာသားတွေကို ရေးသားခဲ့တာကြောင့် ဖမ်းဆီးခံခဲ့ရပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅ နဲ့ တရားစွဲဆိုခံထားရတယ်လို့ သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/522342

---

## ပြည်ထောင်စုအရေးသည် ပအိုဝ်းအရေးဖြစ်ကြောင်း PNFC ဥက္ကဋ္ဌ ပြောကြား

မတ်လ ၁၆ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ




ပအိုဝ်းတိုင်းရင်းသားများ၏ ၇၃နှစ်မြောက် အမျိုးသားနေ့ အွန်လိုင်းအခမ်းအနားကို တပေါင်းလပြည့်နေ့ဖြစ်သည့် ၂၀၂၂ ခု၊ မတ်လ ၁၆ရက်နေ့တွင် ကျင်းပခဲ့ရာ၌ ပြည်ထောင်စုအရေးသည် ပအိုဝ်းလူမျိုးများ၏အရေးဟု ခံယူကြောင်း ပအိုဝ်း အမျိုးသားဖက်ဒရယ်ကောင်စီ(PNFC) ဥက္ကဋ္ဌ ခွန်မြင့်ထွန်းက ပြောကြားလိုက်သည်။

"ပအိုဝ်းအမျိုးသားများဟာ ပြည်ထောင်စုအရေးနဲ့ ပအိုဝ်းအမျိုးသားရေးယှဉ်လာရင် ကျနော်တို့ဟာ ပြည်ထောင်စုအ ရေးကို ဦးစားပေးခဲ့ကြပါတယ်။ ပြည်ထောင်စုအရေးကို ဦးစားပေးတဲ့လူမျိုးအဖြစ်နဲ့လည်း သမိုင်းကောင်းရှိကြတဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့အခါကာလမှာ ပြည်ထောင်စုရဲ့အရေးဟာ ပအိုဝ်းတွေရဲ့အရေးဖြစ်သလို ပအိုဝ်းတွေရဲ့ အရေးဟာလည်း ပြည်ထောင်စုအရေး ဖြစ်တယ်လို့ ကျနော်တို့ ခံယူထားကြပါတယ်။"ဟု PNFC ဥက္ကဋ္ဌက ၎င်း၏အခမ်း အနားအဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

၎င်းအပြင် နဝတ၊ နအဖ စစ်အစိုးရလက်ထက်က နိုင်ငံရေးပုံဖျက်ခံခဲ့ရပြီး ပွဲတော်အဖြစ်သာ ကျင်းပခဲ့ရသည့် ပအိုဝ်းအ မျိုးသားနေ့ကို ပျော်ပွဲရွှင်ပွဲအနေဖြင့် မဟုတ်ဘဲ ပအိုဝ်းလူမျိုးများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဆက်လက် ကျင်းပ ခြင်းဖြစ်ပြီး ပအိုဝ်းအမျိုးသား၏သမိုင်းကို နှစ်စဉ်နှစ်တိုင်း ပြန်လည်မှတ်တမ်းတင်နေခြင်းဖြစ်ကြောင်းလည်း ခွန်မြင့် ထွန်းက ဆက်လက် ပြောကြားခဲ့သည်။

NUCC တွင် လူမျိုးကိုယ်စားပြုအဖွဲ့အနေဖြင့် ပါဝင်သော PNFC – Pa-O National Federal Council က ကြီးမှူးကျင်း ပသည့် အဆိုပါပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ယာယီသမ္မတ ဒူးဝါးလရှီးလ၊ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH) ဥက္ကဋ္ဌ ဦးအောင်ကြည် ညွန့်၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့(ERO)ကိုယ်စား ဦးအောင်ဆန်းမြင့်နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ကြား ကာလ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊ ပအိုဝ်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ နိုင်ငံတကာရောက် ပအိုဝ်းအင်အားစုနှင့် အကြမ်းမဖက် အာဏာဖီဆန်ရေး CDM မဏ္ဍိုင် စသည့်အစုအဖွဲ့ အသီးသီးမှ ကိုယ်စားပြုသူများ တက်ရောက်ခဲ့ကြသည်။

NUG ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းကလည်း "ပအိုဝ်းလူမျိုး၊ ပအိုဝ်းအဖွဲ့အစည်းတွေ မပါဝင်ဘဲနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပအိုဝ်းဒေသ၊ ပအိုဝ်းလူမျိုး အပါအဝင် ပြည်ထောင်စုဝင် ပြည်နယ် များ၊ ဒေသများ၊ လူမျိုးများ၊ နိုင်ငံသူနိုင်ငံသားများအားလုံး ပူးပေါင်းပါဝင်မှသာ မိမိတို့လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံကြီးကို တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။"ဟု ပြောဆိုခဲ့သည်။



အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC )၊ အမျိုးသမီးအစုအဖွဲ့ ကိုယ်စားပြု မဝေဝေနုကလည်း ယနေ့ကျ ရောက်သည့် ၇၃နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့မှသည် ပအိုဝ်းတိုင်းရင်းသားများသည် အာဏာရှင်နှင့် စစ်အာဏာရှင် စနစ် အပြီးတိုင်ချုပ်ငြိမ်းရေး၊ တိုင်းရင်းသားတန်းတူညီမျှရေး၊ တရားမျှတမှုရရှိရေး၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြ ဋ္ဌာန်းခွင့်တို့ကို အပြည့်အဝ အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖော်ဆောင်ရေးကို စွမ်းစွမ်းတမံ ဆက်လက်

ပူးပေါင်းနိုင် စေရန်နှင့် ပအိုဝ်းအမျိုးသားများ၏ နိုင်ငံရေးမျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားခဲ့သည်။

အစီအစဉ်အရ ပအိုဝ်းအမျိုးသားသီချင်းဖြင့် ပအိုဝ်းအမျိုးသားအလံအား အလေးပြုခြင်း အပါအဝင် ပအိုဝ်းတော်လှန်ရေး အဆက်ဆက်၊ နွေဦးတော်လှန်ရေး၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ်ရေးအတွက် ကျဆုံးသွားခဲ့သည့် အာဇာနည်များ အလေး ပြုခြင်းကို ပအိုဝ်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PPDF)က ဗွီဒီယိုရုပ်သံဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံအကြောင်း ပြောကြားခြင်း၊ ပေးပို့လာသည့်သဝဏ်လွှာများကို ဖတ်ကြား ခြင်း၊ ရိုးရာစုံတွဲအက ဖျော်ဖြေခြင်းနှင့် အစီအစဉ်နောက်ဆုံးတွင် ပအိုဝ်းတိုင်းရင်းသားများ၏ နွေဦးတော်လှန်ရေး ရုပ်သံ သီချင်းဖွင့်လှစ်ခြင်းဖြင့် အခမ်းအနားကို ရုတ်သိမ်းခဲ့ကြသည်။

https://kicnews.org/2022/03/ပြည့်ထောင်စုအရေးသည်-ပအို/

---------------------------------------------------------------------------------------------------------

## မြန်မာ့အရေး အမေရိကန် ထောက်ပံ့ကူညီမယ့် အစီအစဉ် တက်ကြွလှုပ်ရှားသူတွေကြိုဆို

16 မတ်၊ 2022 | အင်ကြင်းနိုင်

အမေရိကန်အစိုးရရဲ့ ၂၀၂၂ ဘဏ္ဍာရေးဘတ်ဂျက်အတွက် မြန်မာကို ကူညီမယ့် ဒေါ်လာ ၁၃၆ သန်းမှာ NUG၊ NUCC ၊ CRPH၊ CDM နဲ့ EAO တွေကို သီးခြား ခေါင်းစဉ်တွေအောက်မှာ ကူညီထောက်ပံ့ဖို့ရှိကြောင်း အတိအကျ ဖေါ်ပြထားတာဟာ ထူးခြားပြီး အားတက်ဖွယ်ရာဖြစ်တယ်လို့ USACM မြန်မာ့အရေး ထောက်ခံအားပေးတဲ့ အမေရိကန်မဟာမိတ်အဖွဲ့က ပြောပါတယ်။

အမေရိကန်အထက်နဲ့ အောက်လွှတ်တော် နှစ်ရပ်လုံး အတည်ပြုလိုက်တဲ့ ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ကို သမ္မတ ဂျိုးဘိုင်ဒန်က မနေ့ အင်္ဂါနေ့က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ပါတယ်။

ဆက်သွယ်မေးမြန်းထားတဲ့ မအင်ကြင်းနိုင်က အပြည့်အစုံကို ဆက်ပြီးပြောပြမှာပါ။

သမ္မတဘိုင်ဒန် မနေ့က လက်မှတ်ရေးထိုးလိုက်တဲ့ အမေရိကန်အစိုးရ ဘတ်ဂျက်ဥပဒေ “The Consolidated Appropriations Act 2022” မှာ စုစုပေါင်းဒေါ်လာ ၁.၅ ထရီလီယံ သုံးစွဲဖို့ ပြဋ္ဌာန်းထားတာပါ။ အဲဒီထဲမှာ ရုရှားကျူးကျော်စစ်ရင်ဆိုင်နေရတဲ့ ယူကရိန်းနဲ့ စစ်အာဏာသိမ်းထားတဲ့ မြန်မာ စတဲ့ အခြား နိုင်ငံတွေအတွက်လည်း ပါဝင်ပါတယ်။ မြန်မာ့ဒီမိုကရေစီရေးနဲ့ လူသားချင်းစာနာမှု အကူအညီတွေအတွက် ဒေါ်လာ ၁၃၆ သန်း ကို အမေရိကန်နိုင်ငံခြားရေးဌာနက သုံးစွဲမယ့် ဘတ်ဂျက်စာရင်းအောက်မှာ ဖေါ်ပြထားပါတယ်။ ဒီနှစ် အမေရိကန်အစိုးရရဲ့ဘတ်ဂျက်ဥပဒေမှာ မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်လှုပ်ရှားနေတဲ့ အဖွဲ့အစည်းတွေကို နာမည်နဲ့တကွ ဖေါ်ပြပြီး ထောက်ပံ့မယ့်အကြောင်းရေးသားထား တာဟာ ထူးခြားပြီး နွေဦးတော်လှန်ရေးအတွက် အားတက်စရာဖြစ်ကြောင်း USACM (US Advocacy Coalition for Myanmar) မြန်မာ့အရေး ထောက်ခံအားပေးတဲ့ အမေရိကန်မဟာမိတ်အဖွဲ့ ပြောခွင့်ရ Mike Haack က အခုလို ဗွီအိုအေကို ပြောပါတယ်။

“ထူးခြားတဲ့အချက်ကတော့ ငွေပမာဏ ထက် ပိုပြီးအရေးကြီးတာကတော့ အဲဒီဘတ်ဂျက်ထဲမှာ NUG၊ CRPH၊ CDM၊ EAO တွေကို ဖေါ်ပြထားတဲ့အတွက် မြန်မာအတွက် ဘတ်ဂျက်ငွေထဲမှာ အဲဒီအဖွဲ့အစည်းတွေလည်း တစိတ်တပိုင်း ရရှိမှာဖြစ်ပါတယ်။ သူတို့ကို နာမည်နဲ့ တပ်ပြီးဖေါ်ပြထားတာဟာ အမေရိကန်ဘက်က အသေအချာ ပေးဖို့ ရည်ရွယ်လုပ်ဆောင်တယ်ဆိုတာ ထင်ရှားပါတယ်။”

ဒါပေမယ့် အမေရိကန်က ကူညီထောက်ပံ့မယ့်ငွေကို လက်နက်ကိုင်တော်လှန်ရေးအတွက် အသုံးပြုလို့မရဘူးလို့ အတိအကျ ပြဋ္ဌာန်းထားတယ်လို့လည်း Mike Haack ကပြောပါတယ်။

"အဲဒီမှာ အတိအကျဖော်ပြထားတာက ငွေတွေကို လက်နက်ကိုင်စစ်ဆင်ရေးတွေအတွက် အသုံးပြုလို့မရဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် နေ့စဉ် လုပ်ငန်းဆောင်တာ အစီအစဉ်၊ လှုပ်ရှားမှုတွေအတွက် သုံးစွဲလို့ရတယ်ဆိုတော့ NUG၊ EAO တွေအနေနဲ့ သူတို့ အခြားလုပ်ငန်းတွေအတွက် ဒီဘတ်ဂျက်ငွေ တစိတ်တပိုင်းကို ရမှာဖြစ်ပါတယ်။"

ဒါအပြင် ထိုင်းနယ်စပ်ဖြတ်ကျော်ပေးမယ့် အကူအညီနဲ့ အခြား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်ငန်းတွေအတွက်လည်း ဒီနှစ် အမေရိကန်အစိုးရက မြန်မာကိုကူညီမယ့် ဘတ်ဂျက်ထဲမှာ ဖော်ပြထားတာတွေဟာ အားတက်စရာကောင်းကြောင်း Mike Haack ကဆိုပါတယ်။

"ဒီနှစ်မြန်မာအတွက် အမေရိကန်အစိုးရရဲ့ ဘတ်ဂျက်သုံးစွဲမယ့်အစီအစဉ်ကို ကြည့်ရတာ စိတ်လှုပ်ရှားဖို့ကောင်းပါတယ်။ အထူးသဖြင့် အရင်နှစ်တွေနဲ့မတူတာက အဖွဲ့အစည်းတွေကို နာမည်နဲ့ အတိအကျ ဖော်ပြထားတာဟာ အားရဖို့ကောင်းပါတယ်။ ဒါဟာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အမေရိကန်က စဉ်းစားနေတဲ့ နည်းလမ်းတွေအတွက် ကြီးမားတဲ့ ခြေလှမ်းတခုလို့ ကျနော်မြင်ပါတယ်။"

အမေရိကန်အစိုးရရဲ့ ၂၀၂၂ ဘတ်ဂျက်ဥပဒေရဲ့ မြန်မာနိုင်ငံဆိုင်ရာအခန်းကဏ္ဍမှာတော့- ဒီဥပဒေထဲမှာ ဖော်ပြထားတဲ့ အဖွဲ့အစည်းများ၊ အားလုံးပါဝင်သော၊ အားလုံးကို ကိုယ်စားပြုသော ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးစုများအကြား တန်းတူညီမျှရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများ"" ရဲ့ စီမံခန့်ခွဲရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာ အစီအစဉ်များ၊ ငြိမ်းချမ်းရေးအတွက် အားထုတ်ကြိုးပမ်းမှုများကို လွှတ်တော်ရဲ့ ဘဏ္ဍာငွေခွဲဝေသတ်မှတ်ရေးကော်မတီများ (Appropriations Committees) နဲ့ ကြိုတင်ညှိနှိုင်းတိုင်ပင်ပြီး ထောက်ပံ့ကူညီနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါပေမယ့်လည်း မြန်မာအတွက် ဘတ်ဂျက်ငွေကို ဘယ်အချိန်မှာ ဘယ်လို စတင်သုံးစွဲ ခွဲဝေမလည်းဆိုတာကတော့ ဘယ်သူမှ အသေအချာမသိသေးကြောင်း Mike Haack ကပြောပါတယ်။

စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ၊ တိုင်းရင်းသားဒေသတွေအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်နေတဲ့ အကူညီတွေအတွက် အမေရိကန်အစိုးရက ဒီနှစ်အတွက် မြန်မာကိုပေးမယ့် ဒေါ်လာ ၁၃၆ သန်းပမာဏဟာ လုံလောက်မှုမရှိဘူးလို့ မြင်ကြောင်း မေရီလန်းပြည်နယ် အခြေစိုက် ချင်းလူမျိုးများအဖွဲ့ Chin Association of Maryland အမှုဆောင် ညွှန်ကြားရေးမှူး ဗိုသုန်းမှုန် ကဗွီအိုအေကိုပြောပါတယ်။

မြန်မာအတွက် ဘတ်ဂျက်ငွေ ဒေါ်လာ သန်း ၂၀၀ ကျော်သုံးစွဲဖို့နဲ့ NUG ကို မြန်မာနိုင်ငံရဲ့ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုဖို့ တောင်းဆိုထားတဲ့ Burma Bill မြန်မာနိုင်ငံဆိုင်ရာဥပဒေမူကြမ်းကို အထက်နဲ့ အောက်လွှတ်တော်မှာ ဆွေးနွေးနေဆဲဖြစ်ပြီး အောက်လွှတ်တော်မှာ ထောက်ခံတဲ့အမတ်အရေအတွက် ၇၆ဦး အထက်လွှတ်တော်မှာ ၂၄ ဦး ရရှိထားတယ်လို့ USACM ပြောခွင့်ရ Mike Haack ကဗွီအိုအေကိုပြောပါတယ်။

[https://burmese.voanews.com/a/president-biden-signs-the-consolidated-appropriations-act-for-2022-which-provides-funding-for-the-federal-government-including-aid-to-burma/6487392.html](https://burmese.voanews.com/a/president-biden-signs-the-consolidated-appropriations-act-for-2022-which-provides-funding-for-the-federal-government-including-aid-to-burma/6487392.html)

---------------------------------------------------------------------------------------------------

## မောက်မာပြီး ဘဝင်မြင့်မှု ကမ်းကုန်နေသော အာဏာသိမ်း စစ်ခေါင်းဆောင်

နိုင်ခေတ် | 16 March 2022

မည်သည့်အာဏာရှင်မျှ ၎င်းတို့ကိုယ်၎င်းတို့ အာဏာရှင်ဟု သတ်မှတ်ခြင်းမရှိပေ။ မြန်မာအာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်လည်း ခြွင်းချက်မဟုတ်ပေ။ သို့သော် ခြုံ၍ဆိုရပါက သူ၏ လုပ်ရပ်များ၊ အများပြည်သူရှေ့ အပြုအမူများနှင့် သူ၏ ပုဂ္ဂလိကဘဝနှင့် ပတ်သက်ပြီး မိမိတို့ သိရှိထားသည်များအရ သူသည် ယခင် အာဏာရှင်များဖြစ်သော ဗိုလ်ချုပ်ကြီး နေဝင်းနှင့် ဗိုလ်ချုပ်မှူးကြီး

သန်းရွှေတို့ထက်ပင် ပိုမိုပြီး သူ့ကိုယ်သူ ယုံကြည်၊ မောက်မာပြီး ကိုယ်ရည်သွေးသော ရုပ်ပုံလွှာတခုကို သရုပ်ဖော်နေသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သူ့ကို စစ်တပ်အကြီးအကဲရာထူး ဆက်ခံရန် ရွေးချယ်ခဲ့သည့် ယခင် ဆရာသမားဟောင်းဖြစ်သော ဦးသန်းရွှေကိုပင် သွားရောက်တွေ့ဆုံခြင်း မရှိတော့ကြောင်း အုပ်ချုပ်ရေး မြို့တော်နှင့် စစ်ကောင်စီဌာနချုပ် နေပြည်တော်ရှိ စာရေးသူ၏ သတင်းရင်းမြစ်များက လွန်ခဲ့သော ၂ လက ပြောသည်။ ထိုရာထူးသည် ၂၀၁၁ ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အာဏာကို တရားဝင် စွန့်လွှတ်ချိန်အထိ သြဇာအာဏာ အကြီးမားဆုံးရာထူး ဖြစ်သည်။

ဦးသန်းရွှေကို အခါအားလျော်စွာ သွားရောက်တွေ့ဆုံပြီး ၎င်းတို့၏ တပ်ချုပ်ကြီးအဖြစ် အရိုအသေပေးခြင်းသည် လက်ရှိနှင့် လက်ဟောင်း ထိပ်တန်း ဗိုလ်ချုပ်များ၏ ထုံးစံဖြစ်သည်။ သူ၏ အိမ်သို့ ပုံမှန် သွားရောက်လေ့ ရှိသူများတွင် ဗိုလ်ချုပ်ကြီးဟောင်းလည်းဖြစ် သမ္မတဟောင်းလည်းဖြစ်သူ ဦးသိန်းစိန်၊ အခြား ဗိုလ်ချုပ်ကြီးများနှင့် စစ်အုပ်စုက ဖွဲ့စည်းထားသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ လက်ရှိ ထိပ်တန်းခေါင်းဆောင်များ ပါဝင်သည်။

မကြာသေးမီက ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်အုပ်စုအကြီးအကဲ အနေဖြင့် ထိုသူများအကြားတွင် ပါဝင်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံအခြေအနေကို ယခင် စစ်အုပ်စုခေါင်းဆောင်သို့ အလွတ်သဘော တင်ပြခြင်းကို သူ၏တာဝန်သဖွယ် သဘောထားခဲ့သည်။

သို့သော် လွန်ခဲ့သောနှစ် နှစ်လယ်သို့ ရောက်သောအခါတွင်မူ သူသည် မြန်မာနိုင်ငံကို သံလက်သီးဖြင့် ၁၉ နှစ်ကြာ အုပ်ချုပ်ခဲ့သည့် စစ်အာဏာရှင်ဟောင်းကြီးကို သွားရောက်တွေ့ဆုံခြင်း မပြုတော့ပေ။

အသက် ၈၉ နှစ်ရှိပြီဖြစ်သော ဦးသန်းရွှေသည် နိုင်ငံတွင် အင်အားအကြီးဆုံး အဖွဲ့အစည်းဖြစ်သည့် စစ်တပ်မှ သြဇာအကြီးမားဆုံး ရာထူးကို မင်းအောင်လှိုင်အား ပေးခဲ့သောကြောင့် မွေးစားဖခင်နှင့် စောင်မကြည့်ရှုသူ ဖြစ်သည်ဟုဆိုက မမှားနိုင်ပေ။ တနည်းအားဖြင့်ဆိုရပါက ဦးသန်းရွှေသည် မင်းအောင်လှိုင် အာဏာသိမ်းနိုင်ရန်၊ နိုင်ငံကို ထိန်းချုပ်နိုင်ရန်၊ သူ့ကိုယ်သူ သူ့စစ်ကောင်စီ ဝန်ကြီးချုပ်ခန့်နိုင်ရန် ဖြစ်နိုင်အောင် လုပ်ဆောင်ပေးခဲ့သူ ဖြစ်သည်။

***ဦးသန်းရွှေကို အခါအားလျော်စွာ သွားရောက်တွေ့ဆုံပြီး ၎င်းတို့၏ တပ်ချုပ်ကြီးအဖြစ် အရိုအသေပေးခြင်းသည် လက်ရှိနှင့် လက်ဟောင်း ထိပ်တန်း ဗိုလ်ချုပ်များ၏ ထုံးစံဖြစ်သည်။***

ထိုသို့ဆိုလျှင် အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဦးသန်းရွှေကို မည်သည့်အတွက် သွားရောက်တွေ့ဆုံခြင်း မပြုတော့သနည်း။

ထိုလုပ်ရပ်သည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဘက်က သူ့ကိုယ်သူ အလွန်အကျွံ ယုံကြည်မှုဖြစ်နေကြောင်း ပြသသည့် လက္ခဏာဖြစ်ကြောင်း စာရေးသူ၏ နေပြည်တော် သတင်းရင်းမြစ်များက ပြောသည်။

သီးခြားနေထိုင်သည့် ယခင် စစ်အာဏာရှင် ဦးသန်းရွှေကို မကြာသေးမီကအထိ သူသွားရောက် တွေ့ဆုံနေခြင်းသည် အဓိကအားဖြင့် ယဉ်ကျေးမှုအရ ဖြစ်ကြောင်း သတင်းရင်းမြစ် ၂ ခုက အတည်ပြု ပြောကြားသည်။

ထိုသို့ သွားရောက်တွေ့ဆုံခြင်း ရပ်ဆိုင်းရန် သူ၏ ဆုံးဖြတ်ချက်သည် နိုင်ငံကို သူတဦးတည်း စီမံနိုင်မည်ဟု ယုံကြည်နေကြောင်း ပြသသည့် နောက်ထပ်လက္ခဏာ ဖြစ်ပုံရသည်။

ထိုစရိုက်လက္ခဏာသည် အာဏာရှင်တဦး၏ စရိုက်လက္ခဏာများအနက် တခုဖြစ်ကြောင်း သေချာသည်။ ၎င်းတို့ကိုယ် ၎င်းတို့ သူတပါးကို အမိန့်ပေးသည့် အကြွင်းမဲ့အာဏာရှင်အဖြစ် မြင်ခြင်းဖြစ်သည်။

စာရေးသူ၏ သတင်းရင်းမြစ်များနှင့် ယခု သတင်းအချက်အလက်ကို ဖလှယ်ခဲ့သည့် အခြားသူအချို့က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လုပ်ရပ်သည် သမိုင်းတွင် ကမ္ဘာ့အမည်ဆိုး အကျော်ကြားဆုံး

စစ်အာဏာရှင်များအနက် တဦးအဖြစ် မှတ်တမ်းတင်ခံရသည့် ယခင်ဆရာသမားကို အာခံခြင်းဖြစ်သည်ဟု မြင်ကြသည်။

အသက် ၆၇ နှစ် ရှိပြီဖြစ်သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယခုအခါ သူ၏ ယခင် ဆရာသမားသည် အတိတ်နေ့ရက်များတွင်သာ နေထိုင်နေပြီး ခေတ်မမီတော့သူအဖြစ် မြင်နေသည်။

တချိန်တည်းတွင် လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလက စစ်အာဏာ သိမ်းလိုက်ခြင်းနှင့်အတူ သူသည် သူ့ကိုယ်သူ ဦးသန်းရွှေ ကိုယ်တိုင်နှင့် သမ္မတဟောင်း ဦးသိန်းစိန် အပါအဝင် ယခင်မျိုးဆက် ဗိုလ်ချုပ်များ မလုပ်နိုင်သည်ကို လုပ်ဆောင်ခဲ့သည့် ကယ်တင်ရှင်အဖြစ် မြင်လာသည်။

*ထိုသို့ သွားရောက်တွေ့ဆုံခြင်း ရပ်ဆိုင်းရန် သူ၏ ဆုံးဖြတ်ချက်သည် နိုင်ငံကို သူတဦးတည်း စီမံနိုင်မည်ဟု ယုံကြည်နေကြောင်း ပြသသည့် နောက်ထပ်လက္ခဏာ ဖြစ်ပုံရသည်။*

အာဏာကို အခိုင်အမာဆုပ်ကိုင်ပြီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို ရွေးကောက်ပွဲမှတဆင့် အာဏာမရစေရန် လုပ်ဆောင်နိုင်သူအဖြစ် သူ့ကိုယ်သူ မြင်လာသည်။

စာရေးသူ အမြင်မမှားပါက ထိုသို့သော နိုင်ငံရေးသဘောထားကွဲလွဲမှု သို့မဟုတ် အလားတူကိစ္စမျိုးသည် ယခင် စစ်အာဏာရှင်နှင့် လက်ရှိ အာဏာသိမ်းခေါင်းဆောင်အကြား ရှိခဲ့ဖူးသည် မဟုတ်ပေ။

**ဗိုလ်ချုပ်ဟောင်းများက စစ်အာဏာသိမ်းမှုကို ထောက်ခံ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အာဏာမသိမ်းမီက ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဦးသန်းရွှေထံ သွားရောက်ပြီး ရွေးကောက်ခံ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရကို အာဏာသိမ်းတော့မည် ဖြစ်ကြောင်း အသိပေးခဲ့သည်ဟု သိရသည်။

ဦးသန်းရွှေက သူ့ကို တားဆီးခြင်းမရှိဘဲ အာဏာသိမ်းရန် ဆုံးဖြတ်ပြီးဖြစ်ပါက ထိုသို့မလုပ်မီ အရာရာကို ထည့်သွင်း စဉ်းစားသင့်ကြောင်းသာ သတိပေးခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဏာသိမ်းမှုနှင့် ပတ်သက်ပြီး အာဏာရှင်ဟောင်းထံမှ ခွင့်ပြုချက်ရသည့် သဘောဖြစ်သည်။ ထိုအာဏာသိမ်းမှုကြောင့် လူပေါင်း ၁,၅၀၀ ကျော် အသတ်ခံရပြီး အခြားသူ ထောင်ပေါင်းများစွာ ဖမ်းဆီးခံထားရသည်။

၁၉၈၈ ခုနှစ်က အာဏာသိမ်းခဲ့သော ဦးသန်းရွှေ စစ်အုပ်စုမှ အခြားထိပ်တန်း ဗိုလ်ချုပ် ၂ ဦးကလည်း မင်းအောင်လှိုင် စစ်အာဏာသိမ်းခြင်းကို ထောက်ခံကြသည်။ ယခင်စစ်အုပ်စုတွင် ဦးသန်းရွှေ၏ လက်ထောက် အသက် ၈၃ နှစ်ရှိပြီဖြစ်သော ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးကပင် ထိုအချိန်သည် အာဏာသိမ်းရန် နောက်ကျနေပြီဖြစ်ကြောင်း အချိန်အတော်အတန် စောစွာ လုပ်သင့်ကြောင်း ပြောသည်ဟု ဗိုလ်ချုပ်ဟောင်းများ၏ ပုဂ္ဂလိက သတင်းအချက်အလက်များကို ရရှိနေသော သတင်းရင်းမြစ်များ၏ အဆိုအရ သိရသည်။

ယခုနောက်ဆုံးအကြိမ် စစ်အာဏာသိမ်းမှုကို ထောက်ခံသည့် အခြားသူတဦးမှာ ယခင်စစ်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်ဖြစ်သည်။ မိစ္ဆာမင်းသားဟု လူသိများသော ထိုစစ်ထောက်လှမ်းရေး အကြီးအကဲဟောင်းသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း အတိုက်အခံများအားလုံးကို ဖြိုခွဲမှုများအတွက် တာဝန်ရှိသူ ဖြစ်သည်။

လွန်ခဲ့သောနှစ် ဒီဇင်ဘာလ အစောပိုင်းတွင် စစ်အာဏာသိမ်း ခေါင်းဆောင်သည် ဦးခင်ညွန့်ကို ရန်ကုန်ရှိ နေအိမ်တွင် သွားရောက်တွေ့ဆုံပြီး ထိုစဉ်က ရိုက်ကူးထားသော ဓာတ်ပုံအရ ၎င်းတို့ ၂ ဦးအကြား နွေးထွေးသော ဆက်ဆံရေး ရှိကြောင်းသိရသည်။

နိုင်ငံတကာ အသိုက်အဝန်းက ပြုပြင်ပြောင်းလဲရေးသမားအဖြစ် မြင်ခဲ့သည့် သမ္မတဟောင်း ဦးသိန်းစိန် အပါအဝင် အခြား ဗိုလ်ချုပ်များက စစ်အာဏာသိမ်းမှုကို တိတ်ဆိတ်စွာ ထောက်ခံကြသည်။

ရေတပ်ဗိုလ်ချုပ်လည်းဖြစ်၊ ဦးသိန်းစိန်အစိုးရ ထိပ်တန်းဝန်ကြီးဟောင်းလည်း ဖြစ်သူ ဦးစိုးသိန်းက စစ်အာဏာသိမ်းခြင်းကို သူ၏ စာအုပ်တအုပ်တွင် လူသိရှင်ကြားထောက်ခံသည်။

*ဦးသန်းရွှေက သူ့ကို တားဆီးခြင်းမရှိဘဲ အာဏာသိမ်းရန် ဆုံးဖြတ်ပြီးဖြစ်ပါက ထိုသို့မလုပ်မီ အရာရာကို ထည့်သွင်း စဉ်းစားသင့်ကြောင်းသာ သတိပေးခဲ့သည်။*

ထိုဗိုလ်ချုပ်များအားလုံးသည် ၎င်းတို့၏ပါတီဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ကို နှစ်ပါတီလုံး ပါဝင်ယှဉ်ပြိုင်သည့် ရွေးကောက်ပွဲတိုင်းတွင် ချေမှုန်းခဲ့သည့် NLD အစိုးရကို ဖယ်ရှားရန် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဆုံးဖြတ်ချက်ကို ထောက်ခံကြသည်။

**အကုန်သိ အကုန်တတ်**

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သူ့ကိုယ်သူ အရာရာကို သိမြင်သည့် ခေါင်းဆောင်ကြီးသဖွယ် ပြုမူနေကြောင်း စစ်ကောင်စီ ရုပ်သံကို ပုံမှန်ကြည့်သူတိုင်း သတိထားမိမည်ဖြစ်သည်။

သူ၏ မှတ်သားဖွယ်ရာကောင်းသော လုပ်ဆောင်ချက်မှာ စစ်ကောင်စီဝင်များနှင့် အစိုးရအရာရှိများ တက်ရောက်သည့် အစည်းအဝေးတခုတွင် ပညာရေး အရေးကြီးပုံနှင့် ပတ်သက်ပြီး ပါမောက္ခချုပ်များကို ရှင်းလင်းပြောကြားသည့် ဆွေးနွေးချက်များ ပါဝင်သည်။

ကျန်းမာရေး ဝန်ကြီးဌာနမှ အရာရှိများနှင့် တွေ့သောအခါ လမ်းလျှောက်ခြင်းသည် အကောင်းဆုံး လေ့ကျင့်ခန်းဖြစ်ကြောင်း သူက ပြောသည်။ ထိုအစည်းအဝေးများမှ သူ၏ ရှည်လျားလှသော ဗလုံးဗထွေး မိန့်ခွန်းများသည် မြန်မာပြည်သူများကို ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခဲ့သည့် အာဏာရှင်ဟောင်း ဦးနေဝင်းကို ပြန်လည်သတိရစရာ ဖြစ်စေသည်။

ထိုအာဏာရှင်ဟောင်းသည်လည်း မြန်မာစာလုံးပေါင်းသတ်ပုံ မှန်ကန်ရေး အရေးပါပုံကို အဘိဓာန်ပြုစုသူများအား ဆွေးနွေးပို့ချသလို ဆေးပညာရှင်များကိုလည်း တိုင်းရင်းဆေး အရေးပါကြောင်း ပြောတတ်သူ ဖြစ်သည်။

အခြားစစ်အာဏာရှင်များကဲ့သို့ပင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သူတပါးထံမှ အကြံဉာဏ် ယူခဲလှပြီး သူထက် ဝါရင့်သူများဖြစ်သည့် ဦးသိန်းစိန် သို့မဟုတ် ယာယီသမ္မတ ဗိုလ်ချုပ်ကြီးဟောင်း မြင့်ဆွေထံမှပင် အကြံဉာဏ်မယူပေ။

သူသည် ဗိုလ်ချုပ်များထောက်ခံသည့် USDP ခေါင်းဆောင်ပိုင်းကိုလည်း ပစ်ပယ်သူဖြစ်သည်။ သူနှင့်တွေ့ဖူးသည့် မည်သူမဆိုက သူသည် တပါးသူစကားကို နားထောင်သူ မဟုတ်မှန်း ပြောကြားကြမည်ဖြစ်သည်။

နိုင်ငံရေးသမားများ ပါဝင်သော သူ၏ စစ်ကောင်စီအဖွဲ့ဝင် အားလုံးလုပ်သည့် တခုတည်းသောကိစ္စမှာ သူပြောသမျှကို သွားနားထောင်ခြင်းသာ ဖြစ်သည်။ သူ၏ အစိုးရအဖွဲ့သည်လည်း ထိုအတိုင်းသာ ဖြစ်သည်။

*ထိုအစည်းအဝေးများမှ သူ၏ ရှည်လျားလှသော ဗလုံးဗထွေး မိန့်ခွန်းများသည် မြန်မာပြည်သူများကို ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခဲ့သည့် အာဏာရှင်ဟောင်း ဦးနေဝင်းကို ပြန်လည်သတိရစရာ ဖြစ်စေသည်။*

အစည်းအဝေးများတွင် ကျောင်းသူ ကျောင်းသားများသဖွယ် သူပြောသမျှကို ချရေးနေသည့် ထိုကောင်စီဝင်များနှင့် အစိုးရအဖွဲ့ဝင်များကို တွေ့ရသည်မှာ သနားစရာကောင်းလှသည်။ ၎င်းတို့ခေါင်းဆောင်က မည်မျှအဓိပ္ပာယ် ကင်းမဲ့သည့်ကိစ္စကို ပြောသည်ဖြစ်စေ မည်သူမျှ ဆင်ခြေတက်ရန် ပါးစပ် မဟရဲကြပေ။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သူပြောမည့် အကြောင်းအရာများကို မစဉ်းစား မလေ့လာဘဲ သူထင်သလို အမိန့်များ ထုတ်တတ်ကြောင်း သတင်းရင်းမြစ်များက ပြောသည်။ သူ၏ လက်တွေ့မကျသည့် စိတ်ကူးများကို

မီးထိုးပေးရန် ဗုဒ္ဓဘာသာ ဘုန်းကြီးများ၊ စစ်တပ်လိုလားသူများနှင့် အမျိုးသမီးများ ပါဝင်သည့် အသိုက်အဝန်း ငယ်တခုရှိသည်။

ထို့ကြောင့်ပင် သူသည် လျှပ်စစ်ဓာတ်အား ပြတ်တောက်သည်မှာ ကာလကြာမြင့်ပြီဖြစ်သည့် မြန်မာနိုင်ငံတွင် လျှပ်စစ်ဘတ်စ်ကားနှင့် ရထားပြေးဆွဲရေးကဲ့သို့သော လက်တွေ့မကျသည့် စိတ်ကူးများ ရလာခြင်းဖြစ်သည်။

**အားလုံးထက် ပိုမိုက်မဲ**

လက်ရှိအချိန်အထိ မြန်မာနိုင်ငံကြုံတွေ့ရသည့် အာဏာရှင်များအနက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယုတ်မာရိုင်းစိုင်းမှုနှင့် ရက်စက်ကြမ်းကြုတ်မှုအရ ဦးနေဝင်းနှင့် ဦးသန်းရွှေတို့ထက် သာလွန် ကမ်းကုန်ပြီး ပြိုင်ဘက်ကင်းသူ ဖြစ်သည်။ ထိုသို့ဆိုခြင်းကြောင့် ယခင် အာဏာရှင်များလက်တွင် သွေးမစွန်းဟု ဆိုလိုခြင်း မဟုတ်ပေ။ သို့သော် အတိုက်အခံများကို ခြေမှုန်းရာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပိုမို ဆိုးရွားကြောင်းကို ယနေ့မြန်မာနိုင်ငံတွင် နေထိုင်သူတိုင်း ပြောပြနိုင်ကြသည်။

*ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သူပြောမည့် အကြောင်းအရာများကို မစဉ်းစား မလေ့လာဘဲ သူထင်သလို အမိန့်များ ထုတ်တတ်ကြောင်း သတင်းရင်းမြစ်များက ပြောသည်။*

သူ၏ စစ်ကောင်စီသည် ၎င်းတို့ကို ဆန့်ကျင်သည်ဟု သံသယရှိသူကို ဖမ်းမမိပါက ထိုမိသားစုမှ ကလေးအပါအဝင် မည်သူ့ကိုမဆို ဖမ်းဆီးသည်။ ၎င်းတို့၏ နိုင်ငံတော် လိမ်လည်မှုများကို မဖြန့်ချိသည့် သတင်းသမားများကို ပစ်မှတ်ထားသည်။

ဖြုတ်ချခံ NLD လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် သို့မဟုတ် စစ်ကောင်စီကို မဆန့်ကျင်ရန် လက်မှတ် မထိုးထားသည့် အဖွဲ့ဝင်ဖြစ်လျှင် သို့မဟုတ် စင်ပြိုင် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) နှင့် ခုခံရေးလှုပ်ရှားမှုတွင် ကိုယ်တိုင် မပါဝင်သည့်တိုင် ထောက်ခံသူဖြစ်လျှင် အဖမ်းမခံရလျှင် ကံကောင်းပြီး ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရမည် ဖြစ်သည်။

လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့တခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ထုတ်ပြန်သည့် စာရင်းများအရ ဇန်နဝါရီလ ၂၈ ရက်နေ့အထိ ပုဂ္ဂလိကပိုင် နေအိမ်အနည်းဆုံး ၂၆၇ လုံးနှင့် အခြားပိုင်ဆိုင်မှုများကို စစ်ကောင်စီက သိမ်းယူကြောင်း၊ ၎င်းတို့အနက် ထက်ဝက်နီးပါးသည် NLD လွှတ်တော် ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်း သိရသည်။

ထိုလုပ်ရပ်များသည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ယုတ်မာရက်စက်မှုများ၏ အဖျားအနားသာ ဖြစ်သည်။ စစ်ကောင်စီဆန့်ကျင်ရေး အမာခံဒေသဖြစ်သည့် အထက်မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းမှ လယ်သမား အများအပြားသည် စစ်ကောင်စီ၏ လေကြောင်းမှ သိမ်းကြုံး တိုက်ခိုက်မှုများကြောင့် ၎င်းတို့နေအိမ်များ ပျက်စီးသွားပြီး ဘဝများ မည်သို့တစစီ ပြိုကွဲ ရသည်ကို ပြောပြနိုင်ကြသည်။

*သူ၏ အင်အားကြီးလှသည်ဆိုသည့် စစ်အုပ်စုသည် လက်နက်အနည်းငယ်သာ တပ်ဆင်ထားပြီး စိတ်ဓာတ်မြင့်မားသည့် အတိုက်အခံများကို တိုက်ခိုက်ရာတွင် မကျွမ်းကျင်ကြပေ။ အောင်ပွဲအလျင်အမြန် မရသောကြောင့် သူသည် ပြည်သူများအကြားတွင် ကြောက်လန့်မှုများ ဖြစ်စေရန် နည်းလမ်းပေါင်းစုံဖြင့် လုပ်နေသည်။*

သို့သော် သူသည် ရက်စက်ယုတ်မာမှုများ ကျူးလွန်နေသော်လည်း အာဏာသိမ်းပြီး တနှစ်ကျော်ကြာသည့်တိုင် နိုင်ငံကို အပြည့်အဝ ထိန်းချုပ်နိုင်ခြင်း မရှိသေးပေ။ သူ၏ အင်အားကြီးလှသည်ဆိုသည့် စစ်အုပ်စုသည် လက်နက်အနည်းငယ်သာ တပ်ဆင်ထားပြီး စိတ်ဓာတ်မြင့်မားသည့် အတိုက်အခံများကို တိုက်ခိုက်ရာတွင် မကျွမ်းကျင်ကြပေ။ အောင်ပွဲအလျင်အမြန် မရသောကြောင့် သူသည် ပြည်သူများအကြားတွင် ကြောက်လန့်မှုများ ဖြစ်စေရန် နည်းလမ်းပေါင်းစုံဖြင့် လုပ်နေသည်။

စစ်အာဏာရှင်များ ပေါ်ပေါက်လာသော်လည်း နောက်ဆုံးတွင် ကျဆုံးရသည်သာ ဖြစ်သည်။ သို့သော် မေးစရာ ရှိသည့်မေးခွန်းမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဏာကို မည်မျှကြာကြာ

တွယ်ကပ်နေနိုင်မည်နည်းနှင့် မြန်မာပြည်သူများသည် ၎င်းတို့ကြုံဖူးသမျှ အဆိုးရွားဆုံး အာဏာရှင်၏ လက်တွင် ဒုက္ခများကို မည်မျှ ဆက်လက်ခံစားနေရမည်နည်းဆိုသည့် မေးခွန်းပင်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကဲ့သို့သော အာဏာရှင်တဦး ကျဆုံးခြင်းသည် နိုင်ငံနှင့် ပြည်သူတရပ်လုံးကို လွတ်မြောက်စေခြင်းပင်။

**(ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ** Myanmar's Dictator Shows Unparalleled Arrogance and Self-Regard **ကို ဘာသာပြန်ဆိုသည်။)**

https://burma.irrawaddy.com/opinion/viewpoint/2022/03/16/250626.html

-----------------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်၏ လူ့ခွင့်အရေးချိုးဖောက်မှုများတွင် ထိုင်း PTTEP ကုမ္ပဏီ ပါဝင်ပတ်သက်နေ

Published By DVB | 16 March, 2022

ထိုင်းနိုင်ငံပိုင် စွမ်းအင်လုပ်ငန်း PTTEP ဟာ  မြန်မာနိုင်ငံတွင်း စစ်တပ်ရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေမှာ ပါဝင်ပတ်သက်နေတယ်လို့   Thai Enquirer  သတင်းမှာ ရေးထားပါတယ်။

မြန်မာစစ်တပ်ရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကြောင့် ပြင်သစ်ရဲ့ Total Energies ကုမ္ပဏီဟာ ဇန်နဝါရီလမှာ မြန်မာနိုင်ငံကနေ နုတ်ထွက်ခဲ့ပြီးနောက် မြန်မာနိုင်ငံမှာ ရတနာဓာတ်ငွေ့တွင်း လည်ပတ်မှုကို ဇူလိုင်လကစလို့ ထိုင်းရေနံနဲ့ သဘာဝဓာတ်ငွေ့ကုမ္ပဏီကြီးက တာဝန်ယူ ဆောင်ရွက်မှာဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့ပါတယ်။

ဒါကြောင့် PTTEP ဟာ  ဇူလိုင်လ ၂၀ ရက်ကစပြီး မြန်မာ့ MGTC လုပ်ငန်းစုရဲ့ ရှယ်ယာ ၃၇ ဒသမ ၁ ရာခိုင်နှုန်းကို ပိုင်ဆိုင်သွားမှာဖြစ်ကြောင်း တနင်္လာနေ့က ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။



**ရတနာလုပ်ကွက်ဟာ မြန်မာနဲ့ ထိုင်း နှစ်နိုင်ငံလုံးရှိ ပြည်သူတွေရဲ့ စားဝတ်နေရေးအတွက် သဘာဝဓာတ်ငွေ့ ပံ့ပိုးပေးနေတာ ဖြစ်ကြောင်းနဲ့ စွမ်းအင်လိုအပ်ချက်ကို အနှောင့်အယှက် မဖြစ်အောင် တားဆီးတာကို အရေးတကြီးထားကြောင်း သူတို့က ပြောပါတယ်။**

တခြား လူ့အခွင့်အရေးကိစ္စတွေကိုတော့  PTTEP ရဲ့ ထုတ်ပြန်ချက်မှာ ထည့်သွင်း ဖော်ပြထားခြင်း မရှိပါဘူး။

ထိုင်းအစိုးရဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းမှုနောက်ပိုင်း အာဏာကို ဆုပ်ကိုင်ထားဖို့အတွက် သူ့ပြည်သူတွေကို ထောင်နဲ့ချီ သတ်ဖြတ်ခဲ့တဲ့ မြန်မာစစ်တပ်အုပ်စုနဲ့ ပူးပေါင်းဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်းနဲ့ အခုတော့  ထိုင်းနိုင်ငံပိုင် စီးပွားရေး လုပ်ငန်းတွေဟာ မြန်မာစစ်ဗိုလ်ချုပ်တွေအတွက် လိုလိုလားလား ငွေရှာပေးတာပဲဖြစ်ကြောင်း ဝေဖန်ထားပါတယ်။

တကယ်လို့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာ အစိုးရနဲ့ PTTEP တို့ဟာ လူ့အခွင့်အရေးကို တကယ်ပဲ အလေးအနက်ထားတယ်ဆိုရင် ရတနာလုပ်ကွက်ကနေ ထွက်ခွာဖို့ နည်းလမ်းတွေ ရှာဖွေပြီး သဘာဝဓာတ်ငွေ့အတွက် လျော်ကြေးပေးဖို့ တခြားနည်းလမ်းတွေကို ရှာဖွေကြမှာ ဖြစ်တယ်လို့လည်း ဆိုပါတယ်။

အဲဒီလိုလုပ်ရမယ့်အစား သူတို့ဟာ ပထမအခွင့်အရေးကို အလုအယက် ရယူနေကြတယ်လို့လည်း ဆိုပါတယ်။

PTTEP ဟာ သူတို့လိုချင်သမျှ အကြောင်းပြချက်တွေကို ဆက်ဖော်ပြနိုင်ပြီး စွမ်းအင်ကို သာတူညီမျှ ရရှိရေးဟာ အခြေခံလူ့အခွင့်အရေး ဖြစ်တယ်ဆိုပြီး စာရွက်ပေါ်မှာ ကြားကောင်းရုံ ရေးထားတာ ဖြစ်နိုင်ပြီး အဓိကအချက်ကတော့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ ကျူးလွန်သူတွေကို အားပေးအားမြှောက် လုပ်နေတာသာဖြစ်လို့ စက်ဆုပ်ရွံရှာဖွယ်သာ ဖြစ်ကြောင်း ဝေဖန်ထားတာ ဖြစ်ပါတယ်။

Total Energies ကုမ္ပဏီဟာ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို အကြိမ်ကြိမ် ပြင်းထန်စွာ ရှုတ်ချကြောင်း ဇန်နဝါရီ ၂၁ ရက်မှာ ထုတ်ပြန်ခဲ့ပြီး သူတို့ဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကတည်းက နိုင်ငံတွင်းဆောင်ရွက်ဆဲ  စီမံကိန်းအားလုံးကို ရပ်ဆိုင်းလိုက်ကြောင်း သိရပါတယ်။

အာဏာသိမ်းကာလ ၁ နှစ်အကြာမှာ သူတို့ဟာ ရတနာလုပ်ကွက် အော်ပရေတာနဲ့ မြန်မာ့ MGTC လုပ်ငန်းစုရဲ့ အစုရှယ်ယာရှင် အဖြစ်ကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပြီး မြန်မာစစ်တပ်ရဲ့ ဝင်ငွေလမ်းကြောင်းကို ရပ်တန့်ဖို့ တောင်းဆိုချက်တွေကို ဖြည့်ဆည်းပေးလိုက်တာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/522419

----------------------------------------------------------------------------------------------------------